စိတ်ကူးချိုချိုအနုပညာ
mgyoe.com

တက္ကသိုလ်ဝင်တန်းကျောင်းသားများ၏

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ)
တည်းဖြတ်စုစည်းသည်။



mgyoe.com

mgyoe.com

စာစီစာကုံးတစ်ပုဒ်ကို လက်တွေ့လေ့ကျင့်ဖို့
သူတို့ဘယ်လိုရေးသလဲဆိုတာ လေ့လာနည်းမှီးပြီး
ကိုယ်တိုင် အားထုတ်ရေးကြည့်ရတဲ့
အရသာရယူဖို့ နှင့်
အတန်းအလိုက် အဆင့်မီ
အောင်ပွဲဝင် စာစီစာကုံးနမူနာများ

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

uht0002

mgyoe.com

900.00 Ks

mgyoe.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၁၅၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၄၉၀၂၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - စိစဉ်စုစည်းတည်းဖြတ်သူ၏အမှာ | | က |
| ၁။ မောင်အောင်မြတ် (G-II) အ-ထ-က (၂) ဗဟန်း | (၁) ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ် | ၁ |
| | (၂) လမ်းလျှောက်ခြင်း | ၆ |
| | (၃) ဈေးမြင်ကွင်း | ၁၀ |
| | (၄) ကျေးရွာနှင့် စာကြည့်တိုက် | ၁၃ |
| | (၅) စာမေးပွဲအတွက် ပြင်ဆင်ပုံများ | ၁၇ |
| | (၆) အလုပ်ကြောင်းသည့် လတာပေါင်း | ၂၁ |
| | (၇) လုံ့လ | ၂၆ |
| | (၈) မိတ်ဆွေစစ် | ၃၂ |
| | (၉) စာစီစာကုံးသင်တန်း တက်ရောက်ရခြင်းအကျိုး | ၃၆ |
| | (၁၀) ကိုယ့်အကျိုး သူ့အကျိုး | ၄၀ |
| ၂။ ခင်နှင်းကို , (G-II) | (၁၁) လုံ့လ | ၄၅ |
| | (၁၂) ညီညွတ်ခြင်းသည်အင်အား | ၅၁ |
| ၃။ ကောင်းထက်မြက်ဇော် (G-II) အ-ထ-က(၂) ကမာရွတ် | (၁၃) မိုးရွာသောနေ့တစ်နေ့ | ၅၅ |
| | (၁၄) ပညာသည် ဘဝရွှေဆောင် | ၅၉ |
| | (၁၅) ကိုယ့်အကျိုး သူ့အကျိုး | ၆၆ |


mgyoe.com

mgyoe.com

၄။ ဝင်းမိုးအောင် (G-II)
T.T.C

၆။ နှင်းနန္ဒာဝင်း (G-II)
အ-ထ-က (၂) အင်းစိန်

၇။ အောင်ကိုကို (G-II)
အ-ထ-က (၁) မရမ်းကုန်း

(၁၆) စာမေးပွဲအတွက် ပြင်ဆင်ပုံများ ၇၁
(၁၇) ကျွန်ုပ်ချစ်သော ကလေးငယ်တစ်ဦး ၇၆
(၁၈) သူ့အကျိုး ကိုယ့်အကျိုး ၈၀
(၁၉) ကျေးလက်ညနေခင်း မြင်ကွင်းများ ၈၅
(၂၀) နေထွက်ချိန် ၉၀
(၂၁) ကျွန်ုပ်ချစ်သော ကလေးငယ်တစ်ဦး ၉၅
(၂၂) မိုးရွာသော နေ့တစ်နေ့ ၉၉
(၂၃) လေ့လာရေး ခရီးတစ်ခေါက် ၁၀၂

mgyoe.com

mgyoe.com

# ကျောင်းသူကျောင်းသားများ
# စာစီစာကုံးကို ဖတ်ရှုလေ့လာနည်းယူနည်း
# အမှာစာ

(၁) – စာစီစာကုံးကို ရေးနည်းအရ (၄)မျိုးခွဲခြားထားပါသည်။ ယင်းတို့မှာ– ၁–သရုပ်ဖော်ရေးနည်း စာစီစာကုံး၊ ၂–ဖြစ်စဉ်ပြ စာစီစာကုံး၊ ၃–ဖွင့်ဆိုရှင်းပြ စာစီစာကုံး၊ ၄–ကျိုးကြောင်းပြ စာစီစာကုံးတို့ဖြစ်ပါသည်။

(၂) – ရေးနည်းအရ စာစီစာကုံး အမျိုးအစား (၄)မျိုးကွဲပြားနေသည်နှင့်အမျှ စာစီ စာကုံးရေးနည်း သဘောတစ်ခုနှင့်တစ်ခု မတူကြပါ။ ယင်းသို့ စာစီစာကုံး အမျိုးအစားအလိုက် ရေးနည်းကွဲပြားသောသဘောကို ခွဲခြားသိမြင်ရန် လိုအပ်ပါသည်။ ဤသို့ခွဲခြားသိမြင်နိုင်ရန်အတွက် ရေးနည်းအလိုက် ဖတ်ရှုလေ့လာနည်းယူနည်း များကို ဖော်ပြသွားပါမည်။

(၃) – သရုပ်ဖော်ရေးနည်းကို လေ့လာသောရှုထောင့် –

သရုပ်ဖော်ရေးနည်းဟူသည် အရာဝတ္ထုတို့၏ ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း အသံရှိသည်တို့ကို စာဖတ်သူ၏စိတ်မျက်စိတွင် မြင်ယောင်လာအောင် စိတ် နားတွင် ကြားယောင်လာအောင် အသေးစိတ်သရုပ်ဖော် ရေးသားရသောနည်းဖြစ် သည်။ အဆင်း၊ အသံသာမက အနံ့၊ အရသာ၊ အထိအတွေ့တို့ကိုလည်း စာဖတ်သူ အနံ့ရလာအောင်၊ အရသာရှိလာအောင် အထိအတွေ့ အကြမ်းအနုကို ခံစားရလာ အောင် သရုပ်ဖော်ရေးဖွဲ့နိုင်ပါသည်။

mgyoe.com

mgyoe.com


ကျောင်းသူကျောင်းသားတို့ ရေးသားထားသော သရုပ်ဖော်စာစီစာကုံးများကို ဖတ်ရှုလေ့လာရာတွင် သရုပ်ဖော်ပုံဖော်နည်းတွင် (၁) နာမ်ကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော နာမဝိသေသနအသုံး၊ (၂) ကြိယာကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော ကြိယာအသုံး၊ (၃) သရုပ်ဖော်သည့် အကြောင်းအရာနှင့် လိုက်ဖက်သော တန်ဆာဆင်၍ ရေးဖွဲ့ခြင်းဟူသည့် အလင်္ကာအသုံး၊ (၄) သရုပ်ဖော်သည့် အကြောင်း အရာနှင့် ပတ်သက်၍ စာရေးသူ၏ထင်မြင်ချက်၊ ဝေဖန်ချက်၊ ခံစားချက်စသည့် အသုံးအနှုန်းတို့ကို ဖော်ထုတ်ကြည့်ရပါမည်။ ဤသို့ ပိုင်းခြားလေ့လာကြည့်လျှင် သရုပ်ဖော်ပုံနည်းနှင့် ပတ်သက်သော လိုက်ဖက်သည့် အရေးအသားရေးပုံရေးနည်းကို သိမြင်နိုင်ပါသည်။

(၄) – ဖြစ်စဉ်ပြရေးနည်းကို လေ့လာသောရှုထောင့်

ဖြစ်စဉ်ပြရေးနည်းဟူသည် အကြောင်းအရာ အဖြစ်အပျက်တစ်ခုခု (သို့မဟုတ်)ဇာတ်လမ်းတခုခုကို အဖြစ်အပျက် တိုးတက်ဖြစ်ထွန်းမှု အစဉ်အတိုင်း (ဝါ)အချိန်ကာလစဉ်အတိုင်း အစဉ်အပျက် ကွင်းဆက်မိအောင် ရေးသားရသောနည်းဖြစ်သည်။

အဖြစ်အပျက်ဆိုရာ၌ နာရီပိုင်းအတွင်း ဖြစ်ပျက်သော အဖြစ်အပျက်၊ တစ်နေ့တာအဖြစ်အပျက်၊ တစ်လတာအဖြစ်အပျက်၊ တစ်နှစ်တာအဖြစ်အပျက်၊ တစ်ဘဝတာအဖြစ်အပျက် စသည်ဖြင့် အချိန်ကာလ အတိုအရှည် အမျိုးမျိုးကွဲပြားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအဖြစ်အပျက်ကို အစမှအဆုံးတိုင် အချိတ်အဆက် မိမိရေးသားဖော်ပြနိုင်လျှင် ဖြစ်စဉ်ပြစာစီစာကုံးတစ်ပုဒ် ပြီးမြောက်မည်ဖြစ်ပါသည်။

ဖြစ်စဉ်ပြစာစီစာကုံးသည် သရုပ်ဖော်စာစီကုံးကဲ့သို့ သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်ကို ရေးဖွဲ့ရသည်ပင်ဖြစ်သည်။ သို့သော် ၎င်းတို့ကို မြင်ယောင်လာအောင် ဖော်ပြရန်ထက် ၎င်းတို့ဖြစ်ပျက် ရွေ့လျားနေပုံကို ဖော်ပြရန်ကပို၍ အဓိကကျသည်။

ဖြစ်စဉ်ပြစာစီစာကုံးကို လေ့လာရာတွင် (၁)ရုပ်အမူအရာတို့၏ ရွေ့လျားပြောင်းလဲမှု၏ အစဉ်ကိုသိသာအောင် ရေးနိုင်မရေးနိုင်၊ (၂) ဖြစ်စဉ်ပြရေးနည်းတွင် ကာလစဉ်ကျမှုနှင့် ယုတ္တိတန်မှုသည် အရေးပါလှသည်။ ကာလစဉ်ကျမှု ဆိုသည်မှာ ဖြစ်ပျက်သော အချိန်ကာလတို့သည် အစီအစဉ်ကျကျ ရှိမရှိ။ ယုတ္တိတန်မှုဆိုသည်မှာ မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည်ဖြစ်စေ ထိုအဖြစ်အပျက်

mgyoe.com

mgyoe.com


တို့သည် တစ်ခုနှင့်တစ်ခု ကျိုးကြောင်းဆက်စပ်မှုရှိမရှိ၊ (၃) ကာလစဉ် စည်းရုံးမှုဆိုသည်မှာ အဖြစ်အပျက်တို့သည် မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည်ဖြစ်စေ ထိုအဖြစ်အပျက်တို့သည် နောက်ဆုံးကာလ၌ ဆုံစည်းမိခြင်းရှိမရှိဟူသော ပေတံတို့ဖြင့် တိုင်းတာ လေ့လာနည်းယူရပါမည်။

(၅) – ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာသောရှုထောင့်

ဖွင့်ဆိုရှင်းပြ စာစီစာကုံးဟူသည် အကြောင်းအရာတစ်ရပ်ရပ်ကို စာဖတ်သူတို့နားလည်သိရှိအောင် (သို့မဟုတ်) လိုက်နာဆောင်ရွက်တတ်အောင် အသေးစိတ်အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်း ရေးသားရသော နည်းဖြစ်သည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာရာတွင် (၁) နိဒါန်းစာပိုဒ်သည် စာစီစာကုံးခေါင်းစဉ်ကို အကျဉ်းချုပ် ရှင်းလင်းဖွင့်ဆိုခြင်း ရှိမရှိ၊ (၂) ခေါင်းစဉ်အကြောင်း လမ်းခင်းမိတ်ဆက်ပေးသော သဘောရှိမရှိ၊ (၃) စာဖတ်သူက နိဒါန်းဖတ်လိုက်ရုံနှင့် စိတ်ဝင်စားပြီး ဆက်ဖက်ချင်အောင် ရေးနိုင်စွမ်းရှိမရှိ–ကြည့်ရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး စာကိုယ်ပိုင်းကို လေ့လာရာတွင် (၁) ခေါင်းစဉ်နှင့် ပတ်သက်၍ အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းခြင်း၊ (၂) ခေါင်းစဉ်နှင့် ပတ်သက်၍ တူရာတူရာကို နှိုင်းယှဉ်ပြခြင်း၊ မတူရာ မတူရာကို ဆန့်ကျင်နှိုင်းယှဉ်ပြနိုင်ခြင်းရှိမရှိ၊ (၃) ခေါင်းစဉ်နှင့်ပတ်သက်၍ သာဓကများဆောင်ပြနိုင်ခြင်း ရှိမရှိ၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်၍ အမျိုးအစားခွဲခြား ဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၅) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တို့ကို ကိုးကားဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၆) ခေါင်းစဉ်နှင့်ပတ်သက်၍ ကိုယ်တွေ့အတွေ့အကြုံများ ထည့်သွင်းရေးသားနိုင်ခြင်းရှိမရှိဟူသော ရှုထောင့်တို့ဖြင့် လေ့လာကြည့်ရှုရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး နိဂုံးချုပ်ရာတွင် (၁)နိဒါန်းတွင် ဖွင့်ခဲ့သော ဝါကျဖြင့် ထိုဝါကျကို နိဂုံးတွင် ပြန်လည်ဖော်ပြနိဂုံးချုပ်ခြင်း၊ (၂)ခေါင်းစဉ်နှင့် ပတ်သက်သော ကဗျာလေးတစ်ပုဒ်၊ သီချင်းကလေးတစ်ပုဒ်ဖြင့် နိဂုံးချုပ်ခြင်း၊ (၃) စာကိုယ်တွင် ဖော်ပြ ခဲ့သော အချက်များကို အကျဉ်းချုပ် ပြန်လည်စုစည်းဖော်ပြ၍ နိဂုံးချုပ်ခြင်း၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တစ်ခုခုကို ကိုးကားဖော်ပြ၍ နိဂုံးချုပ်ခြင်း၊(၅)ခေါင်းစဉ်နှင့်ပတ်သက်၍ မိမိ၏ထင်မြင်ချက်၊ ခံစားချက်၊ သင်ခန်းစာတိုက်တွန်းချက်တစ်ခုခုကို ဖော်ပြ၍ နိဂုံးချုပ်ခြင်းတို့နှင့် ကိုက်ညီခြင်းရှိမရှိ လေ့လာရပါမည်။

mgyoe.com

mgyoe.com

**(၆) – ကျိုးကြောင်းပြ စာစီစာကုံး ရေးနည်းကို လေ့လာသောရှုထောင့်။**

ကျိုးကြောင်းပြစာစီစာကုံး ဟူသည့်အကြောင်းအရာ တစ်ရပ်ရပ် (သို့ မဟုတ်) အဆိုတစ်ခုခုကို စာဖတ်သူတို့ နားဝင်လက်ခံအောင် ဤအကြောင်းကြောင့် ဤသို့ အကျိုးဖြစ်ရသည်ဟု အကြောင်းအကျိုးဆက်စပ်၍ ဆွဲဆောင်ရေးသား ရသောနည်း ဖြစ်သည်။

ကျိုးကြောင်းပြသည် ဖွင့်ဆိုရှင်းပြထက် တစ်ဆင့်တက်သည့် သဘောရှိ သည်။ ဖွင့်ဆိုရှင်းပြတွင် စာဖတ်သူ သဘောပေါက်နားလည်သွားအောင် ရှင်းလင်း ဖွင့်ဆိုသည့် အဆင့်မှာ ရပ်သည်။ ကျိုးကြောင်းပြတွင်မူ သဘောပေါက်နားလည်ရုံ သာမက ယုံကြည်လက်ခံဖွယ်ဖြစ်အောင် အကျိုးအကြောင်း ဆက်စပ်ပြရသော သဘောရှိသည်။ စာဖတ်သူ ယုံကြည်လက်ခံနိုင်စေရန်အတွက် အကျိုးအကြောင်း သင့်မှု၊ ယုတ္တိတန်မှုရှိရန် အရေးကြီးသည်။

ကျိုးကြောင်းပြရာတွင် (၁) သီးခြားသဘောနှင့် ဆိုင်သောအချက်အလက် တို့ကို အသေးစိတ်စိစစ်၍ ယေဘုယျသဘောကို ခြုံ၍စီစဉ်ကာ ကျိုးကြောင်းပြခြင်း၊ (၂) ယေဘုယျသဘောကိုအခြေခံ၍ သီးခြားပုဂ္ဂလိကသဘော ဖြစ်ခြေကို ဆင်ခြင်၍ ကျိုးကြောင်းပြခြင်း၊ (၃) အမျိုးကွဲသောအရာနှစ်ခုမှ ဆင်တူသောအချက် အချင်း ချင်းကို နှိုင်းယှဉ်ပြ၍ အကျိုးသင့်အကြောင်းသင့် တင်ပြပြီး မိမိလိုရာသို့ပါအောင် ဆွဲဆောင်ရေးသားခြင်း၊ (၄) ခိုင်လုံသောအကျိုးအကြောင်း အထောက်အထား၊ သာဓကများပြ၍ အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း၊ (၅) အကြောင်းဆိုသော အကြောင်းတရားကြောင့် ထိုသို့သောအကျိုးတရားများ ဖြစ်ပေါ်လာရသည် ဟု စာဖတ်သူလက်ခံရလောက်အောင် အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း ဟူသော သဘောတို့ဖြင့် လေ့လာစိစစ်ရာသည်။

ဤသို့လျှင် စာစီစာကုံး အမျိုးအစားအလိုက် အခြေခံရမည့် ဖတ်ရှုလေ့လာ နည်းယူနည်းကို အသုံးပြုတတ်လျှင် အမောင်ကျောင်းသားကျောင်းသူတို့ ကိုယ် တိုင် စာစီစာကုံးအရေးအသား တိုးတက်လာမည် ဖြစ်ပါသည်။

**စာစီစာကုံးအရေးအသား တိုးတက်ထွန်းကားပါစေ။**

**ဆရာဦးလှထွန်း (နာဂသိန် မြန်မာစာ)**

**တွဲဖက်ပါမောက္ခ (ငြိမ်း)**

❑

mgyoe.com

mgyoe.com

## ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ်

– ကျောင်းမှာသင်ရသော ဘာသာရပ်များထဲမှ ဘာသာရပ်တစ်ခုကို အထူးစိတ်ဝင်စားပုံ
– ဘာသာရပ်အမည်
– သင်ကြားပေးသော ဆရာများ
– မိမိသင်ခဲ့ရသော အတွေ့အကြုံများ
– ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ
– လေ့လာဆည်းပူးပုံ
– အထူးစိတ်ဝင်စားရသော အကြောင်းများ
– မိမိအမြင်

mgyoe.com

mgyoe.com

# ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ်

မောင်အောင်မြတ်

ကျွန်ုပ်သည် အထက်တန်း ပညာသင်ကြားရေးကျောင်း၏ တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားနေသော ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ သိပ္ပံတွဲဘာသာယူသဖြင့် မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဟူသည့် ဘာသာရပ်များကို သင်ကြားရပါသည်။ ထိုဘာသာရပ်များအားလုံးသည် သူ့အရာနှင့် သူ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုဘာသာရပ်များထဲမှ ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ်တစ်ခုရှိပါသည်။ ထိုဘာသာရပ်နှင့် ပတ်သက်သည့် အထူးစိတ်ဝင်စားရသည့် အကြောင်းကိုလည်း ဖော်ပြပါမည်။

ကျွန်ုပ်အထူးစိတ်ဝင်စားသော ဘာသာရပ်မှာ အင်္ဂလိပ်စာ ဖြစ်ပါသည်။ ထိုအင်္ဂလိပ်စာဟူသော ဘာသာရပ်ကို ငယ်စဉ်ကတည်းက နှစ်သက်ခဲ့ပါသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်၏ အင်္ဂလိပ်စာ အခြေခံ အစပျိုး မြစ်ဖျားခံရာလည်း ဖြစ်ပါ၏။ ငယ်စဉ်က နှစ်သက်မိသည်မှာ သင်ကြားပေးသော ဆရာမ၏ စွမ်းဆောင်မှု ကြောင့်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆရာမက ကျွန်ုပ်တို့ကလေးများကို စာလုံးများ လုပမှုရှိရန် သင်ကြားပေးပါ၏။ သင်ကြားပြီးသော် မည်သူတတ်မြောက်သည်ကိုမေး၍ ကျွန်ုပ်တို့အား မုန့်ကျွေးပါ၏။ ငယ်စဉ်ကတော့ အင်္ဂလိပ်စာ သင်ပြီးချိန်၌ မုန့်စားရစမြဲ ဖြစ်သဖြင့် နှစ်သက်ရခြင်း ဖြစ်ပါ၏။

ကျွန်ုပ် စတုတ္ထတန်းသို့ ရောက်သောအခါ အင်္ဂလိပ်ဆရာမ ဒေါ်စန်းရင်က

mgyoe.com

mgyoe.com


ကျွန်ုပ်တို့အား မြန်မာပြည်ကို နယ်ချဲ့အင်္ဂလိပ်တို့က အုပ်ချုပ်ခဲ့ကြကြောင်း၊ ကမ္ဘာတစ်ဝက်ခန့်ကိုလည်း အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ကြကြောင်း ပြောပါသည်။ ဆက်လက်၍ "ကမ္ဘာသုံးစကားသည်လည်း အင်္ဂလိပ်စကား ဖြစ်သောကြောင့် အင်္ဂလိပ်စာနားလည်ပါမှ ကိုယ်အလိုရှိရာ နိုင်ငံခြားစာအုပ်များကို ဖတ်နိုင်မည်" ဟု ပြော၍ ကျွန်ုပ်တို့အား အင်္ဂလိပ်စာ သင်ပေးလေ့ရှိ၏။ ဆရာမသည် စာသင်ရာ၌နည်းကျွမ်းကျင်၏။ ပကားလုံးများကိုလည်း ကောင်းစွာနားလည်အောင် ရှင်းပြတတ်၏။ ထိုသို့သော ကျေးဇူးကို ထိုစဉ်က မသိခဲ့သော်လည်း ယခုမှသိရ၍ ဆရာမကို အလွန်ကျေးဇူးတင်လျက်ရှိပါသည်။

ထို့နောက် အထက်တန်းသို့ရောက်သောအခါ ဆရာမ ဒေါ်စိန်စိန်၏ သင်ကြားမှုကြောင့် ဆထက်ထမ်းပိုး အင်္ဂလိပ်စာ ဘာသာရပ်ကို ဝါသနာပါလာပါသည်။ ဆရာမက မိမိရည်မှန်းချက်သို့ ဖြတ်သန်းရောက်ရှိရန်အတွက် တက္ကသိုလ်စာမေးပွဲသည် အရေးပါအရာရောက်ကြောင်း ပြောကြားပါသည်။ ထို့ကြောင့် အင်္ဂလိပ်စာ သေချာတတ်ရန် လိုသည်ဟုဆို၍ အင်္ဂလိပ်စာရလျှင် အခြားဘာသာရပ် အများစုမှာ အင်္ဂလိပ်စကားနှင့် ရေးထားသော စာများသာဖြစ်ကြောင်း ပြောကြားပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့၏ စာလုံးတစ်လုံးစီကို စေ့စေ့စပ်စပ်ရှင်းပြပါသည်။ စကားလုံးအတွဲလေးများကိုလည်း အဓိကထား၍ အသုံးအနှုန်းမှန်ကန်အောင် သင်ကြားပေးသည့်အတွက်လည်း စိတ်ဝင်စားဖွယ်ကောင်းပါ၏။

ကျွန်ုပ်၏ အခြားအတွေ့အကြုံများကို တင်ပြရလျှင် ကျွန်ုပ်ငယ်စဉ်က မိဘများက ရွှေသွေးဂျာနယ်ကို အပတ်စဉ် ဝယ်ပေးပါ၏။ အစပိုင်း၌ မြန်မာစာနှင့်ရေးထားသော စာအုပ်တို့သာ ဖတ်တတ်ပါသည်။ ထို့နောက်မှ အင်္ဂလိပ်စာကိုပါ တဖြည်းဖြည်းတွဲ၍ ဖတ်တတ်လာသောကြောင့် ပျော်စရာလည်း ကောင်းသည့်အပြင် စိတ်ဝင်စားစရာလည်း ကောင်းပါသည်။

အလယ်တန်းသို့ ရောက်သောအခါ၌လည်း အင်္ဂလိပ်စာနှင့်ရေးထားသော ကမ္ဘာကျော် အီစွတ်ပုံပြင်များကို ဖတ်ခိုင်းပါသည်။ ထို့နောက် ပသိဝတ္ထုများကိုလည်း ဖတ်ရပါသည်။ ထို့နောက်မှ 'ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်' ဟူသော ဘာသာပြန်ဝတ္ထုကို စ၍ဖတ်ခိုင်းပါ၏။ ထိုဝတ္ထု၌ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရေးသားထား၍ မြန်မာလို ဖတ်သကဲ့သို့ အင်္ဂလိပ်လိုလည်း ဖတ်ရပါ၏။ ထို့ပြင် နဝမတန်းသို့ ရောက်သောအခါ၌လည်း တခြားဝတ္ထုတိုကလေးများကို တစ်စတစ်စဖတ်ဖြစ်လာသည်။ ထိုပုံပြင်၊ ဝတ္ထုတိုကလေးများမှာ ရယ်ဖွယ်ရာလည်း ကောင်းပါ၏။ ရသမျိုးစုံလည်း ပေးပါ၏။ ထို့ကြောင့် စိတ်ဝင်စားဖို့လည်း ကောင်းပါ၏။

mgyoe.com

mgyoe.com


အင်္ဂလိပ်စာကို ဘာသာရပ်သင်ခန်းစာများထဲတွင် တစ်ခုအဖြစ် ထည့်ထားသည်မှာ အလွန်သင့်လျော်လှပါသည်။ အင်္ဂလိပ်စာသည် ကမ္ဘာသုံးစကား တစ်ခုဖြစ်သည့်အပြင် အနောက်တိုင်း၏ တိုးတက်သောနိုင်ငံများ၌လည်း အင်္ဂလိပ်စကားနှင့် ရေးကြ၊ ပြောကြပါသည်။ ထို့ကြောင့် ၎င်းတို့ဆီမှ အကြံဉာဏ်နှင့် စိတ်ကူးတို့ကို ကျွန်ုပ်တို့လိုအပ်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်စာတတ်ရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ကျောင်းသူကျောင်းသားများအတွက် သူငယ်တန်း 'အေ၊ဘီ၊စီ'မှ စ၍ အထက်တန်း ဝတ္ထုဆောင်းပါးများအဖြစ် တပြည်းပြည်း မြှင့်တင်ပေးခဲ့ပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် မည်သည့်အတန်းအရွယ်၌ မည်သို့သော အင်္ဂလိပ်စာအဆင့်ကို ရသင့်သည်ဟူသော အချက်ကိုလည်း သိရပါ၏။

ကျွန်ုပ်၏ အင်္ဂလိပ်စာ လေ့လာဆည်းပူးမှုကိုပြလျှင် ပထမ ကျွန်ုပ်၏ သူငယ်တန်းဆရာမမှ စရပေလိမ့်မည်။ သူသည် သင်ခန်းစာအပြီး၌ မုန့်ကျွေးသဖြင့် သဘောကျခြင်းဖြစ်ပါ၏။ ထို့နောက်တွင် ဆရာမဒေါ်စန်းရင်၏ သင်ကြားမှုကို ကျွန်ုပ် သေချာလေ့လာဆည်းပူးခဲ့ပါ၏။ ထို့အပြင် ဆရာမဒေါ်စိန်စိန်၏ သင်ပြပေးမှု၊ စကားပြောကောင်းမှုသောကြောင့် အင်္ဂလိပ်စာ လေ့လာလိုစိတ် ပြင်းပြခဲ့ပါ၏။ ထိုအချိန်မှစ၍ အင်္ဂလိပ်စာကို အထူးစိတ်ဝင်စားမိသည်ကို သတိထားမိပါ၏။ ငယ်စဉ်ကတည်းက မိဘတို့ဖတ်သော ဂျာနယ်၊ ပုံပြင်ကလေးများအား ကျွန်ုပ်မဖတ်လျှင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်၏အင်္ဂလိပ်စာ စိတ်ဝင်စားမှုကြောင့်သာ ဖတ်ခဲ့ခြင်းဖြစ်ပါသည်။ နဝမတန်း၌ဖတ်ခဲ့ရသော ဝတ္ထုတိုကလေးများမှာ ကျွန်ုပ်စိတ်အား တက်ကြွစွာ ဖတ်လိုသောဆန္ဒဖြင့် ဖတ်ခဲ့ခြင်းဖြစ်ပါ၏။ ထို့ကြောင့်ပင် ငယ်စဉ်ကတည်းက အင်္ဂလိပ်စာကို ဝါသနာပါသည်ရော၊ စိတ်ဝင်စားသည်ပါ မသိမသာ တိုးတိုးလာခြင်း ဖြစ်မည်ထင်သည်။

ကျွန်ုပ်အထင် အင်္ဂလိပ်စာသည် ကမ္ဘာသုံးစကား ဖြစ်သောကြောင့်လည်းကောင်း၊ အနောက်နိုင်ငံများမှ အကြံဉာဏ်တို့ကို ယူနိုင်သောကြောင့် လည်းကောင်း ကျွန်ုပ်ပို၍စိတ်ဝင်စားရခြင်း ဖြစ်သည်။ အင်္ဂလိပ်စာမတတ်လျှင် သာမန်ဆေးစာရွက်ကလေးကိုပင် ဖတ်နိုင်မည်မဟုတ်ပါ။ ထို့ပြင် နိုင်ငံခြားသို့ ခရီးထွက်သော အခါ၌လည်းကောင်း၊ အလည်အပတ် သွားသောအခါ၌လည်းကောင်း အင်္ဂလိပ်စကားဖြင့် ရေးရ၊ ပြောရသည်။ အင်္ဂလိပ်စာတတ်လျှင် ဘာသာပြန်ဝတ္ထုများကို ရေးသူတို့အဖို့၌လည်း အဆင်ပြေမည်ဖြစ်သည်။ သဘာဝတရားကြီးက ဖန်တီးပေးထားသောကြောင့် ကျွန်ုပ်တို့နိုင်ငံမှာ ဘာသာစကား တစ်မျိုးထက်ပို၍ အလိုအလျောက်

mgyoe.com

mgyoe.com


တတ်ရသော နိုင်ငံဖြစ်ရာ အင်္ဂလိပ်စာသည် အထူးပင် စိတ်ဝင်စားဖွယ်ကောင်းသော ဘာသာရပ် ဖြစ်သည်။ ။

❖

mgyoe.com

mgyoe.com

# လမ်းလျှောက်ခြင်း

မောင်အောင်မြတ်

ကျွန်ုပ်တို့လူသားအားလုံးသည် အရွယ်သုံးပါးတွင် သူ့အချိန်နှင့်သူ လုပ်သင့်သောအလုပ်ကို လုပ်ရမည်ဖြစ်သည်။ ပထမအရွယ်တွင် ပညာရှာကြရသည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာကြရသည်။ တတိယအရွယ်တွင် တရားရှာကြရသည်။ ထိုသို့အရွယ်သုံးပါးလုံးတွင် ပြုသင့်သည်ကိုပြုပါမှ ကောင်းကျိုးခံစား ရပေလိမ့်မည်။ သို့ဖြစ်ရာ ပြုသင့်သည်ကိုပြုရန် ကျန်းမာမှဖြစ်နိုင်ပါမည်။ မကျန်းမာဘဲနှင့် မပြုလုပ်နိုင်စွမ်းပါ။ ထို့ကြောင့် ကျန်းမာရေးသည် အရေးကြီးလှပါသည်။

"အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ ကျန်းမာပါမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံထောင့်စုံမှ တိုးတက်နိုင်ပါသည်။ ထို့ပြင် ကျန်းမာမှ အလုပ်လုပ်နိုင်ပါမည်။ သို့မှသာ နိုင်ငံတိုးတက်နိုင်ပါသည်။ သို့ဖြစ်လေရာ ကျန်းမာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရေသောက်မြစ် ဖြစ်ကြောင်း သိရှိသင့်ပေသည်။

သို့သော် ကျန်းမာရေး သင့်တင့်မျှတစေရန် ကိုယ်လက်လှုပ်ရှား အားကစား အမျိုးမျိုးကို ပြုလုပ်နိုင်သည်။ ဘောလုံးအားကစားဆိုလျှင် အမောခံနိုင်သည်၊ သက်လုံကောင်းစေသည် စသော ကျန်းမာရေးညီညွတ်ချက်တို့နှင့် ပြည့်စုံသည်။ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ရေကူး၊ ကြက်တောင်ရိုက် စသော ကစားနည်းတို့သည်လည်း သူ့နည်းနှင့်သူ အကျိုးပြုကြသည်ချည်း ဖြစ်ပါသည်။ ထို့အတူ လမ်းလျှောက်ခြင်းသည်လည်း လူတို့အတွက် ကျန်းမာစေရန် ဆေးစွမ်းကောင်း

mgyoe.com

mgyoe.com


တစ်လက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်သင့်ပေသည်။

လမ်းလျှောက်ခြင်းသည် လူကြီး၊ လူငယ်မရွေး တတ်စွမ်းနိုင်သော အလုပ်တစ်ခုဖြစ်ပါသည်။ ခြေအင်္ဂါ ချွတ်ယွင်းနေသူမှတစ်ပါး လူတိုင်း ကျင့်သုံးနိုင်သော အရာလည်း ဖြစ်ပါ၏။ ထို့ပြင် လမ်းလျှောက်ခြင်းဖြင့် ကိုယ်၏ကျန်းမာခြင်းအပြင် စိတ်၏ချမ်းသာခြင်းကိုပါ ရရှိနိုင်သောကြောင့် လမ်းလျှောက်ခြင်းသည် လူတိုင်းနှင့် သင့်လျော်သော အလုပ်ဖြစ်ပါ၏။ နံနက်စောစော လမ်းလျှောက်ခြင်းဖြင့် လေဝင်လေထွက်မှန်ကန်ပြီး ရှုခင်းများမှာလည်း သာယာလှပသည်ကို စိတ်ကြည်နူးဖွယ် မြင်တွေ့နိုင်ပါလိမ့်မည်။ ထွက်ပြူစနေမင်းနှင့် ကျေးငှက်တို့ တွန်ကျူးသံတို့နှင့်လည်း ကြုံတွေ့ရသည်။ သို့ဖြစ်ရာ ထိုသို့သာယာလှပသော သဘာဝရှုခင်းများကို ခံစားနိုင်ရန် လမ်းလျှောက်သင့်ပေသည်။

ထို့ပြင် လမ်းလျှောက်ခြင်း၏ အတွေ့အကြုံကို ကိုယ်တိုင်သတိထား၍ ကြည့်မှ လွန်စွာအရေးပါအရာရောက်ကြောင်း သိနိုင်ပေသည်။ တစ်နည်းအားဖြင့် ကျပ်တည်းသော လူ့အဖွဲ့အစည်းမှ ခေတ္တမျှရုန်းထွက်၍ နားနေအပန်းဖြေခြင်းသာ ဖြစ်သည်။ ထို့ကြောင့်ပင် လမ်းလျှောက်ခြင်းသည် စိတ်၏ထွက်ပေါက် ဖြစ်သကဲ့သို့ လန်းဆန်းတက်ကြွမှုများ၏ ဝင်ပေါက်ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် လူအများသည် အမှုကိစ္စတို့နှင့်လည်းကောင်း၊ စိတ်အပန်းဖြေအတွက်လည်းကောင်း လမ်းလျှောက်ကြရသည်။ နံနက်ခင်းအရုဏ်ဦးချိန်၌လည်း 'စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့' ဟူသော သံစဉ်လေးအတိုင်း မြူးမြူးကြွကြွဖြင့် လမ်းလျှောက်ကာ ဘဝခရီးလျှောက်လမ်းနေကြသူများကိုလည်း တွေ့မြင်နိုင်ပါသည်။ နေခင်းပိုင်း၊ ညနေပိုင်းတို့တွင်လည်း လမ်းလျှောက်သူ အများအပြားကို တွေ့မြင်ရပါသည်။

လမ်းလျှောက်ခြင်းဖြင့် ပြဋ္ဌာန်းထားသော တရားဥပဒေသည်မရှိ။ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ လမ်းလျှောက်ပိုင်ခွင့်ရှိသည်။ လမ်းလျှောက်ရာတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် လျှောက်သော်လည်း တစ်ပါးသူကို ဒုက္ခမပေးရပါ။ အဘယ့်ကြောင့်ဆိုသော် တစ်ပါးသူ၌လည်း ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိသောကြောင့် ဖြစ်သည်။ အရက်မူးနေသောသူများသည် သူတစ်ပါးကို အနံ့ဖြင့် နှိပ်စက်ရုံသာမက ဒယိမ်းဒယိုင် ပုံပန်းသဏ္ဌာန်လမ်းလျှောက်၍ ဟိုသည်လဲကာ ဒုက္ခပေးတတ်ပါသေးသည်။ သူတော်စင်တို့ဆိုပါက ခြေလှမ်းတစ်လှမ်းမျှကိုပင် သတိဖြင့် ချုပ်ကိုင်၍ လှမ်း၏။ ထို့ပြင် တစ်ပါးသူတို့ကို ဒုက္ခမပေးသည့်အပြင် အခွင့်ကြုံသည့်အခါ

mgyoe.com

mgyoe.com


ကောင်းကျိုးများကိုပင် ပြုပါသေးသည်။ ထို့ကြောင့် အချိန်ကာလနှင့် နေရာမရွေး လမ်းလျှောက်နိုင်သော်လည်း လမ်းလျှောက်ခြင်းသည်လည်း ကိုယ့်၏ဂုဏ်၊ အဆင့်အတန်းကို ဖော်ပြနိုင်ကြောင်း သတိမူအပ်ပါသည်။

ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်း ကန်တော်ကြီးကို တစ်ပတ်ပတ် လျှောက်လေ့ရှိပါသည်။ ဆောင်းရာသီနံနက်ခင်းဆိုလျှင် နှင်းများ ဖုံးအုပ်ကာဆီးထားသောကြောင့် အနီးတစ်ဝိုက်မျှပင် မြင်ရသည်။ သွေးပူလေ့ကျင့်ခန်း လုပ်နေသူများကိုလည်း တွေ့ရပါသည်။ ကျွန်ုပ်ကဲ့သို့ လမ်းလျှောက်နေသူများ၊ ဈေးသည်များကိုလည်း တွေ့ရသည်။ ဆိုက်ကားဆရာများ၏ 'ချလွမ်၊ ချလွမ်'ဟူသော တီးသံများမှာလည်း မကြားချင်အဆုံးဖြစ်သည်။ မော်တော်ဆိုင်ကယ်၊ ကားများသည်လည်း 'ဝူး၊ ဝူး' ဟု မြည်သံကိုပေးလျက် မောင်းနေကြသည်။ နွေရာသီ၌ နံနက်ခင်းချိန်၌ ဥဩငှက်ကလေး၏ 'ဥဩ၊ ဥဩ' တွန်ကြူးသံမှာလည်း နားဝင်ချိုလှသည်။ 'ရွှေတိဂုံဘုရား ရောက်ပြီ' ဟု အော်နေသော ဘတ်(စ်)ကားမောင်းနေသူ၏ အသံနှင့်အတူ ဗဟန်း(၃)လမ်းမှတ်တိုင်ကို ကျွန်ုပ်ဖြတ်ကျော်သည်ဟု သိရသည်။ ထိုနေရာမှကြည့်လျှင် ဗျိုင်းအုပ်များ ပုံစံဖွဲ့၍ ပျံသန်းသည်ကို ရံဖန်ရံခါ တွေ့ရပါ၏။ နွေဦးလရာသီသည် အသာယာဆုံးလ ဖြစ်သောကြောင့် ထိုလတွင် လမ်းလျှောက်သူဦးရေ အများဆုံးဖြစ်ကြောင်း သိရပါသည်။

လမ်းလျှောက်ခြင်းကြောင့် ကျွန်ုပ်အတွက် များစွာအထောက်အပံ့များ ဖြစ်ခဲ့သည်။ လမ်းလျှောက်ခြင်းကြောင့် သဘာဝအလှကို ခံစားတတ်လာသည်။ သက်တူရွယ်တူ မိတ်ဆွေသူငယ်ချင်းများနှင့် တွေ့ဆုံလာရပါသည်။ ကျွန်ုပ်သည် အစက လူတောမတိုးဝံ့သော်လည်း ထိုသူတို့နှင့် ပေါင်းမိ၍သာ လူတောတိုးဝံ့ခြင်း ဖြစ်သည်။ ကျွန်ုပ်၏ စာဖတ်ခြင်း အလေ့အထသည်လည်း လမ်းလျှောက်ရင်း စကားပြောမိရာမှ ထိုသူတို့ထံမှ အတုယူခဲ့ခြင်းသာ ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းကြောင့် ယခင်ကထက် သန်စွမ်းလာသည်ဟုပင် ကိုယ့်ကိုယ်ကို ထင်ပါ၏။

လမ်းလျှောက်ခြင်းသည် မည်သည့်ဘက်မှဖြစ်စေ ကောင်းသည်ချည်းသာ ဖြစ်ပါသည်။ လမ်းလျှောက်ခြင်းကြောင့် ပျော်ရွှင်သည်၊ ကျန်းမာသည်၊ ကြံ့ခိုင်သည်၊ စိတ်ဖိစီးမှုလျော့နည်းသည်။ ထို့ကြောင့် အသက်ရှည်သော သက်ကြီးရွယ်အိုအားလုံးကိုကြည့်ပါက လမ်းလျှောက်သောလူများပင် ဖြစ်ကြသည်။ ထိုသူတို့သည် ကျန်းလည်းကျန်းမာ၏။ သူတစ်ပါးကို မှီခိုစရာမလိုဘဲ ကိုယ့်အစွမ်းနှင့်ကိုယ် အားလုံးလုပ်ကိုင်နိုင်သောကြောင့် စိတ်သွားတိုင်း ကိုယ်ပါနိုင်ပေသည်။

mgyoe.com

m.gyoe.com


ထို့ကြောင့် လမ်းလျှောက်ခြင်းသည် နိမ့်ကျသော လောကီပညာမှ မြင့်မားသော လောကုတ္တရာပညာအထိ အသုံးပြုရသော ဆေးတစ်ဖုံလည်းဖြစ်သည်။ အကျိုးကျေးဇူး များပြားလှသည့်အပြင် ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးအာဟာရ ဖြည့်ကာ ဘဝအောင်လံထူသင့်ပါ၏။ ။

m.gyoe.com

mgyoe.com

# ဈေးမြင်ကွင်း

မောင်အောင်မြတ်

ဈေးဟူသောနေရာသည် သာမန်အားဖြင့်ကြည့်လျှင် ကျဉ်းမြောင်းသော နေရာလေးတစ်ခုသာဖြစ်သော်လည်း လောကကြီးတစ်ခုလုံးအကြောင်း ထင်ဟပ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဈေးဆိုသော နေရာလေးတွင် လူပေါင်းစုံသည် သွားလာဝင်ထွက်ကာ ဆက်ဆံနေကြသောကြောင့် ဖြစ်သည်။ ဈေးရောင်းသူတို့ကလည်း တစ်မျိုး၊ ဈေးဝယ်သူတို့ကလည်း တစ်ဖုံ၊ စကားပြောရာမှ ဘဝသင်ခန်းစာလည်း ရနိုင်ပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုလောကကြီးအကြောင်း အကျဉ်းချုပ်၍ သိရန်အလို့ငှာ ဈေးသို့နေ့စဉ် သွားလေ့ရှိပါသည်။

ဈေးဟူသည်မှာ ဈေးသည်များ၏ ပျော်စံရာဒေသ ဖြစ်သောကြောင့် ဈေးသည်အများစုသည် ဈေး၌လာရောက် ရောင်းကြသည်။ ထိုသို့လာရောင်းရာ၌ သူတို့၌ ပိုငွေပိုလျှံရရန် မဆိုထားနှင့် ပုံမှန်စားနိုင်ရန်အတွက်ပင် အနိုင်နိုင် ဖြစ်နေသည်။ သို့သော် အချို့သောဈေးဝယ်သူများက 'လျှော့ပါဦး၊ လျှော့ပါဦး' အဆစ်များလွန်းသဖြင့် ရန်ဖြစ်စကားများရသော အခြေအနေများနှင့်လည်း မကြာခဏ ရင်ဆိုင်ကြရသည်။ သို့ဖြစ်ရာ နောက်ဆုံး၌ နှစ်ဦးနှစ်ဖက် အကျိုးမရှိသည့် ကိစ္စကသာ များလေသည်။

ဟင်းသီးဟင်းရွက်၊ ပဲပြာရည်၊ ဆီ၊ အချို့မှုန့် စသည့်ရောင်းသော ကုန်စုံဆိုင်များတွင်လည်း ပြဿနာရှိတတ်ပါသည်။ 'ဟင်းသီးဟင်းရွက်ကလည်း မလတ်ဆတ်ဘူး' ဟု အချို့သော ဈေးဝယ်သူများက လတ်ဆတ်သော ဟင်းသီးဟင်းရွက်များဖြစ်သည့်သားနှင့် မဝယ်ဘဲ အတင်းပြောတတ်သေးသည်။ ဆီဝယ်ရာ

mgyoe.com

တွင်လည်း 'ပိုပိုသာသာလေး ထည့်ဦး'ဟု ဈေးဝယ်သူတို့က အပိုစကားပြောသော အခါ၊ဈေး ရောင်းသူများကလည်း သူ့အလိုလိုက်သည့်အနေဖြင့် 'ဟောဒီမှာ ထည့် လိုက်ပြီ' ဟု ပြော၍ထည့်သော်လည်း အမှန်မှာ ပထမက နည်းနည်းလျှော့ထည့်၍ နောက်မှ စိတ်ကျေနပ်အောင် လုပ်ပေးလိုက်သည်သာ ဖြစ်သည်။

'အသုပ်စုံ' ရောင်းသောဆိုင်သည် စရောင်းသည်နှင့် လူများနှင့် ပြည့်နေ တတ်သည်။ သူတို့သည် အသုပ်မျိုးစုံနှင့်အတူ ရွှေရင်အေး၊ မုန့်လက်ဆောင်းကိုပါ ရောင်းချပါသည်။ သူတို့၏အစားအစာများမှာလည်း လက်ရာကောင်းမွန်သကဲ့သို့ နှုတ်ကလည်း ချိုပေသောကြောင့် လူအများက လာရောက်သုံးဆောင် ကြခြင်းသာ ဖြစ်သည်။ 'ချိုသာသော မျက်နှာမရှိဘဲနှင့် ဈေးမရောင်းနှင့်' ဟူသော တရုတ်စကားပုံ တစ်ခုကိုလည်း သူတို့နှင့်တွေ့မှ မျက်ဝါးထင်ထင် သရုပ်မှန်ပေါ်ခဲ့ပါသည်။

သူတို့၏အနီးအနား မျက်စောင်းထိုးလောက်တွင် အုန်းနို့ခေါက်ဆွဲရောင်း သောဆိုင်ရှိပါသည်။ သူ၏ အုန်းနို့ခေါက်ဆွဲ အရသာသည် လွန်စွာကောင်းပါ၏။ သို့ရာတွင် သူသည် စကားပြောမချိုသာသဖြင့် ယဉ်ယဉ်ကျေးကျေးနှင့် မဆက်ဆံ သောကြောင့် သူ့ဆိုင်တွင် လူအထိုင်နည်းသည်။ အသုပ်ဆိုင်နှင့် ယှဉ်ကြည့်ပါက အသုပ်ရောင်းသူက စောင့်ရမည်ဆိုလျှင် 'ခဏလောက် သည်းခံပြီးစောင့်ပေးပါ၊ အရင်လာသူကို အရင်ထည့်ပေးရလို့ပါ'ဟု ပြောဆိုလေ့ရှိသော်လည်း အုန်းနို့ခေါက် ဆွဲရောင်းသူက 'ဒီမှာအားနေတာတွေ့လို့လား၊ ပြီးရင်ရမှာပေါ့' ဟု ခပ်ကြမ်းကြမ်း ပြောလေ့ရှိသည်။ ထို့ကြောင့်လည်း သူ့ဆိုင်၌ လူအတော်များများ မစားကြကြောင်း ဖြစ် သည်။ ထို့ကြောင့် နှုတ်ချိုခြင်းသည် သျှိုတစ်ပါးဖြစ်ကြောင်း သိသင့်ပေသည်။

၎င်းတို့အပြင် ဈေးဝင်းအတွင်း၌ အသား၊ ငါးရောင်းနေသူများကိုလည်း မြင်ရပါသည်။ ဈေးဝယ်သူအများအပြားကိုလည်း တစ်ခဲနက်တွေ့ရပါသည်။ ငါးစိမ်းရောင်းသူများသည် နှုတ်ကြမ်းကြသူများ ဖြစ်လေသည်။ ဈေးဝယ်သူများ နှင့်လည်း အလေးခိုးသည်ဟု စွပ်စွဲခံရတတ်သည်။ ဈေးရောင်းသူများ အလေး မှန်မှန်သိရန် ဈေးခေါင်းရုံး၌ သမာဓိချိန်ခွင်ကို ထားရှိပါသည်။ ခက်သည့်အရာက ဈေးဝယ်သူများသည် ထိုသမာဓိချိန်ခွင်၌ မတိုင်း၍ အတင်းငြင်းခြင်းသာ ဖြစ်သည်။ သူတို့ငြင်းသည်မှာလည်း မှားသည်မထင်။ ငါး၊ အသားရောင်းသူအများကလည်း မဟုတ်မမှန် ပြုကြသည်။ တောရွာတို့မှ မလည်သူများလာဝယ်လျှင် အလေးခိုး တတ်ကြသည်။ ဈေးကိုလည်း မြှင့်၍ရောင်းတတ်ကြသည်။ အများအားဖြင့် ဈေးဝယ်သူတို့၏ မစူးစမ်းမှု၊ ဈေးရောင်းသူတို့၏ မရိုးသားမှုများကြောင့် စကား များရန်ဖြစ်ကြသည်ကို နေ့တိုင်းလိုလိုပင် တွေ့မြင်နေရသည်ဖြစ်ရာ ကျွန်ုပ်အတွက်

mgyoe.com

mgyoe.com

အထူးအဆန်း မဟုတ်တော့ပါ။

ဈေးထဲတွင် ဈေးရောင်းသူတို့၏ စရိုက်အမျိုးမျိုးအပြင် ဈေးဝယ်သူတို့၏ စရိုက်ကိုလည်း ဖော်ပြပါဦးမည်။ အချို့သော စိတ်အေးနှလုံးအေး ရှိသူတို့က 'ဈေးရောင်းတာပဲ သူတို့လည်း အမြတ်ကျန်မှ ရောင်းမှပေါ့' ဟု သဘောထားသောကြောင့် ထိုသူတို့၌ ပြဿနာဖြစ်သည်က ရှားပါ၏။ အချို့သောလူတို့မှာကား နည်း နည်းစကားများရာမှ ရန်ကြီးကားတတ်ကြသည်။ သို့သော် များသောအားဖြင့် အဆင်ပြေ နေကြခြင်းကြောင့်သာ ဈေးဟူသည် ရှိနေခြင်းဖြစ်သည်။

များသောအားဖြင့် ဈေးသည်တို့သည် သာမန်အဝတ်အစားများ ဝတ်ဆင်လေ့ရှိသော်လည်း ဈေးဝယ်သူတို့တွင်ကာ အမျိုးမျိုးဝတ်ဆင်ပုံကို တွေ့မြင်ရပါသည်။ အချို့သော ဈေးဝယ်သူတို့သည် အဝတ်အစားအသစ်များဖြင့် စတိုင်နှင့်ဝင်ကာ အကြွားစားကြသောပုံကိုလည်း မကြာခဏဆိုသလိုပင် တွေ့ရတတ်လေ့ရှိပါသည်။

ဈေးရုံထဲ၌ ဈေးရောင်းသူ၊ ဈေးဝယ်သူတို့၏ မြင်ကွင်းအပြင် ကျီးကန်းတို့၏ အစာချောင်းနေပုံ မြင်ကွင်းသည်လည်း မပါမဖြစ် ဖြစ်သည်။ တစ်ခါက ကြက်သား၊ အသည်းအမြစ် အစိမ်းရောင်းနေသော အဒေါ်ကြီးသည် နောက်သို့လှည့်၍ စကားပြောမိရာ ရှေ့၌အသည်းအမြစ်တွဲကို အလစ်ချောင်းနေသောကျီးက သုတ်ချီသွားလေသည်။ ထိုအခြင်းအရာကို ဘေးလူများသတိပေးမှ သတိရသဖြင့် မကျေချမ်းနိုင်သော အဒေါ်ကြီးသည် နောက်နေ့ဈေးထဲ၌ အလစ်ချောင်းနေသော ကျီးကန်းကို မြင်လျှင် လေးခွနှင့် လှမ်းလှမ်းပစ်တတ်လေသည်။

ထို့ကြောင့် ဈေးဟူသောနေရာသည် လူ့စရိုက်အထွေထွေကို ဘာသာပြန်ထားသော ကြေးမုံတစ်ချပ်ပင်ဖြစ်သည်။ လူ့လောက၏ အချက်အချာကျသော အသိပညာကြွယ်ဝလာရန် ဈေးဟူသောနေရာက ကောင်းကောင်း အထောက်အပံ့ပေးနိုင်ပါသည်။ လူ့စရိုက်အမျိုးမျိုးကို တွေ့ရ၍လည်း လောကဇာတ်ခုံသဖွယ်ပင်ဖြစ်ပါသည်။

ဤဖော်ပြပါ အချက်များအရ ဈေးမြင်ကွင်းသည် အသိပညာအတွက်ဖြစ်စေ၊ သွားရောက်သင့်ပေသည်။ ဈေးမြင်ကွင်းများမှ မည်သည်ကိုပြုသင့်သည်၊ မည်သည်ကို မပြုသင့် စသော ဝေဖန်ပိုင်းခြားနိုင်သည့် ဆင်ခြင်ဉာဏ်ရှိလာသည်ဆိုပါက ကျွန်ုပ်တို့ ဈေးမြင်ကွင်းကို လျစ်လျူမရှုထားသင့်ကြောင်း ထင်ရှားပေသည်။

❖

mgyoe.com

mgyoe.com

# ကျေးရွာနှင့်စာကြည့်တိုက်

မောင်အောင်မြတ်

ဤကမ္ဘာလောက၌ ပညာသည်သာ လူ့ဘဝ၏ အချက်အချာဖြစ်သည်။ အသိပညာ၊ အတတ်ပညာ မရှိပါဘဲလျက်နှင့် အောင်မြင်သော်သူတစ်ယောက် ဖြစ်မလာနိုင်ပါ။ ထိုပညာ မပြည့်စုံသူကိုလည်း မည်သူကမျှ လေးစားကြည်ညိုမည် မဟုတ်ပါပေ။ ထို့ကြောင့် ထိုပညာဟူသော အရာကို ဖြည့်စွမ်းနိုင်ရန်အတွက် စာအုပ်စာပေဟူသော လူ့မိတ်ဆွေသည်လည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီနိုင်ပါသည်။ စာအုပ်စာပေဖတ်ခြင်းဖြင့် စိတ်ခွန်အားရနိုင်သကဲ့သို့ အသိပညာလည်း တိုးလာနိုင်ပါသည်။ ထို့ကြောင့် 'စာဖတ်သူသည် တိုးတက်မှု တိုးတက်နေ၏။ စာမဖတ်သူသည် တိုးတက်မှု ရပ်တန့်နေ၏' ဟု လူထုဦးလှက ဆိုခဲ့ခြင်းဖြစ်သည်။ မှန်ပါသည်။ စာများကို နေ့စဉ်ဖတ်မှတ်ရမည်။ သို့မှသာ ခေတ်အသိတို့ကို လက်လှမ်းမီနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် စာဖတ်ခြင်းဖြင့် ကျွန်ုပ်တို့နှင့် ဉာဏ်ရည်တူ ဉာဏ်ရည်ထက်မြက်သူတို့၏ အတွေ့အကြုံ ဆုံးဖြတ်ချက်တို့ကိုပါ ရရှိနိုင်ပါသည်။ တကယ်တမ်း လက်တွေ့အခက်ကြုံသည်ဆိုလျှင် စာအုပ်စာပေများမှ လူတို့၏ အဆုံးအဖြတ်တို့ကို မှတ်သားဆင်ခြင်ကာ ဖြေရှင်းကြရသည်ကသာ များသည်။ ထို့ကြောင့် 'စာအုပ်စာပေကို ကျော်လွန်၍ လက်တွေ့အသုံးချရမှသာ တကယ့်ပညာဖြစ်သည်' ဟု ဗိုလ်ချုပ်အောင်ဆန်း၏စကားသည် မှတ်သားဖွယ် ကောင်းလောက်ပါသည်။

ထို့ကြောင့် လက်တွေ့ဘဝတွင် အသုံးချရသော အရာတို့ကို စာပေမှသာ ရနိုင်သည်ဖြစ်ရာ ထိုစာပေတို့ကို တစုတစ်စည်းတည်း လေ့လာနိုင်ရန် စာကြည့်

mgyoe.com

mgyoe.com


တိုက်ဟူသော ပညာ့ဘဏ်သည် အလွန်အရေးပါလှပါသည်။ ယခင်က မိမိအိမ် ကိုယ်စီတို့၌ စာအုပ်စင်ကို ထားရှိကာ မိမိအလိုကျ အိမ်တိုင်းလိုပင် ဖတ်မှတ်ရာမှ နောက်ပိုင်း စာနှင့်မရင်းနှီးသေးသော သူများအတွက် ဘုံစာကြည့်တိုက်ကို ထားရှိလာကြသည်။ ယခုအခါ မြို့ကြီးပြကြီးများတွင် စာကြည့်တိုက်များစွာ ဆောက်လုပ်ပြီးဖြစ်သော်လည်း ကျေးရွာများမှာမူ ကျေးရွာအားလုံး၌ စာကြည့်တိုက်မရှိပါ။ ဆင်းရဲ၍ ရိုးသားသော တောသူတောင်သားတို့သည် ကျေးလက်၏ သဘာဝရှုခင်းနှင့် မိမိအနီးအနားရှိ ရပ်ရွာကို့မှ အတွေ့အကြုံတို့ကိုသာရသဖြင့် အသိအမြင် ကျဉ်းမြောင်းလှသည်။

မြန်မာနိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြသည်။ ထိုသူတို့သည် ဘိုးစဉ်ဆောင်ဆက် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးတို့ကိုသာလုပ်ရန် လောကြီးနေသောကြောင့် များသောအားဖြင့် စာပေဘက်မလှည့်နိုင်ပါ။ ထို့ကြောင့် ထိုသို့သောသူများကို အသိဉာဏ်ဖွံ့ဖြိုးစေရန်အလို့ငှာ နိုင်ငံတော်အစိုးရက ကျေးရွာများတွင် စာကြည့်တိုက်များကို တတ်နိုင်သမျှ ဖွင့်လှစ်ပံ့များကိုလည်း ယခုအခါ တွေ့နေရပြီဖြစ်သည်။ ယခင်ကဆိုပါက ပညာအလွန်လိုချင်သော ရွာတို့က လူများ၌ စာကြည့်တိုက်ထားရှိနိုင်ကြလေသည်။ ယခုအခါ စာကြည့်တိုက် တည်ဆောက်ခြင်းအကျိုးကြောင့် ထိုမှ စိုက်ပျိုးရေး၊ မွေးမြူရေး စာအုပ်များဖတ်ကာ စီးပွားတက်လာသူ အများအပြားလည်း ရှိလာပါသည်။ ပညာဗဟုသုတ ပေါကြွယ်ဝသောကြောင့် စာရေးဆရာ ဖြစ်လာသူတို့လည်း ကျေးရွာများမှ ပေါ်ပေါက်လာကြသည်။ ထို့ပြင် ကျေးရွာမှသူတို့သည် စာများမှ အချိန်ကိုတန်ဖိုးထားရမှန်း သိတတ်လာကြသောကြောင့် အားနေချိန်၌ အတင်းပြောမနေဘဲ စာအုပ်ဖတ်လာသောသူ အများအပြားကိုလည်း တွေ့နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာများ၌ စာကြည့်တိုက် တည်ထောင်မှုသည် ကျွန်ုပ်အထင် တက်လမ်းသာမြင်သည်၊ ပျက်လမ်းမမြင်။ ထို့အတွက် ကျေးရွာများ၌ စာကြည့်တိုက် တည်ထောင်သင့်ပါသည်။

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးအတွက် အပတ်စဉ် လစဉ်ထုတ်ဂျာနယ်၊ စာစောင်တို့သည်လည်း ရှိရမည် ဖြစ်သည်။ ရှေးယခင်စာများမှ ယခုခေတ်နှင့်အညီ လိုက်လျောနိုင်သည့် စာများပါရှိပါမှ စာကြည့်တိုက်သည် တင့်တယ်နိုင်ပါသည်။ အထူးသဖြင့် စာဖတ်သူတို့၏ စာကြည့်တိုက်အပေါ် စိတ်ထားသည် အလွန်အရေးကြီးလှပါသည်။ ကျေးရွာသူ၊ ကျေးရွာသားတို့က သူတို့စာကြည့်တိုက်ကို တန်ဖိုးထားပါမှ သူတို့အတွက် အကျိုးရှိနိုင်ပေသည်။ စာကြည့်တိုက်သည်လည်း ပိုမိုရှင်သန်လာနိုင်ပေမည်။

mgyoe.com

mgyoe.com


အမှန်စင်စစ်အားဖြင့် ကျေးရွာများရှိ လူများအားလုံး အသိဉာဏ်တိုးတက်လာပါက နိုင်ငံသားတိုင်း အသိဉာဏ် တိုးတက်လာနိုင်သည်ဟု ဆိုနိုင်ပါသည်။ မြို့ပြများမှသူတို့သည် စာကြည့်တိုက် ပညာ့ရတနာမှာ သွား၍ ရတနာ ခူးခပ်လေ့ရှိကြသောကြောင့် များသောအားဖြင့် ဗဟုသုတ ရှိတတ်ကြသည်။ သို့သော် အချို့သော သူများမှာ ပျင်းရိ၍သော်လည်းကောင်း၊ မအားမလပ်၍ သော်လည်းကောင်း၊ စာမဖတ်ဖြစ်ကြပေ။ ထိုသူတို့မှာ သူတို့နှင့်ပတ်သက်သော အလုပ်များမှ အသိပညာတို့ကို သိသင့်သလောက် မသိကြပေ။ ကမ္ဘာကြီးသည် တစ်နေ့တခြား အရှိန်အဟုန်နှင့် တိုးတက်လျက်ရှိသည်ဖြစ်ရာ ထိုသူတို့မှာ ခေတ်ပညာကို မမီနိုင် ဖြစ်ကြကုန်သည်။ မမီ၍ ဖွတ်၍နားမလည်၊ နားမလည်၍ မဖတ်ဖြင့် အဆိုးသံသရာထဲ၌သာ ဝဲဂယက်ရိုက်နေလေသည်။ ထို့ကြောင့် နေ့စဉ်စာအုပ်ဖတ်ခြင်းသည် နေ့စဉ်တိုးတက်ခြင်းဖြစ်ရာ စာကြည့်တိုက်ဟူသော စာအုပ်စုဆောင်းထားရသည့် အဖိုးအနဂ္ဂ အလွန်ထိုက်တန်ကြောင်း ထင်ရှားလှပေသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် နိုင်ငံသားတိုင်း အသိဉာဏ်ဖွံ့ဖြိုးတက်လာနိုင်သည်ဟူသော အချက်မှာ ရိုးရိုးစင်းစင်းနှင့် မှန်ကန်ခြင်းသာဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းသာ စာဖတ်ပါက နိုင်ငံဖွံ့ဖြိုးလာမည်မှာ မလွဲနိုင်ပေ။

စာကြည့်တိုက်များ တည်ဆောက် အကောင်အထည်ဖော်မှုကြောင့် လူနေမှုအဆင့်အတန်းလည်း မြင့်မားလာနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာများမှ လူ့စရိုက်အမျိုးမျိုးကိုတွေ့လာကာ ဆိုးသွမ်းသောသူများပင် လိမ္မာလာကာ လူ့အဆင့်အတန်းမီလာအောင် ကြိုးပမ်းလာကြသောကြောင့် ဖြစ်ပါသည်။ ၎င်းပြင် စာအုပ်များမှ အတွေ့အကြုံများကို လက်တွေ့တွင် အသုံးချသောကြောင့် ကျေးရွာများ၌ပင် ချမ်းသာကြွယ်ဝလာသူများကိုလည်း တွေ့လာရပါသည်။

သို့ဖြစ်ရာ ကျေးရွာများ၌ စာကြည့်တိုက်များရှိခြင်းကြောင့် နိုင်ငံသည် တိုးတက်လာနိုင်မည်သာ ဖြစ်သည်။ ခေတ်နှင့်အညီ ပြောင်းလဲနေသော ကမ္ဘာကြီးကို ကျေးရွာများကပင် မျက်စိ၊ နားပွင့်လာကာ စိတ်ဝင်တစား ရှိလာပြီဆိုပါက ကျွန်ုပ်တို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြင့်မည်ဖြစ်ကြောင်း ကျွန်ုပ်အသေအချာ ပြောရဲပါသည်။

ထို့ကြောင့် ကျွန်ုပ်အနေဖြင့် ကျေးရွာများ၌ စာကြည့်တိုက်ထားခြင်းကြောင့် ဆိုးကျိုးမရှိနိုင်ကြောင်းအပြင် ကောင်းကျိုးများကိုပင် ရရှိလာကာ ဘဝအတွေ့အမြင့်ပါ တိုးတက်လာနိုင်ကြောင်း သတိထားမိပေသည်။ စာကြည့်တိုက်ရှိခြင်းသည် ပညာရှိကြီးတစ်ဦး ရှိသည့်ပမာ သိလို၊ မေးလိုရာ မှန်သမျှကို သိနိုင်သောကြောင့်

mgyoe.com

mgyoe.com


ကျေးရွာများ၌ စာကြည့်တိုက် ထားရှိခြင်းသည် အမြဲတေတစ်ပါး ရှိခြင်းဟုပင် ဆိုလိုက်ချင်ပါသည်။

❖

mgyoe.com

mgyoe.com

## စာမေးပွဲအတွက် ပြင်ဆင်ပုံများ

- စာမေးပွဲမနီးသေးမီ ပြင်ဆင်ပုံ
- စာမေးပွဲနီးလာသောအခါ ပြင်ဆင်ပုံ
- ကျက်မှတ်လေ့လာပုံ
- အခက်အခဲရှိသော ဘာသာရပ်များ
- အခက်အခဲမရှိသော ဘာသာရပ်များ
- ပြန်ဆင်ချိန်အတွင်းခံစားမှုနှင့် အတွေးများ
- အနာဂတ်မျှော်မှန်းချက်များ
- ယခုစာမေးပွဲဖြေနေစဉ် ခံစားမှုနှင့် အတွေးများ

mgyoe.com

mgyoe.com

# စာမေးပွဲအတွက် ပြင်ဆင်ပုံများ

မောင်အောင်မြတ်

ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲသည် အသက်ဖြစ်သည်။ အထူးသဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် ကျွန်ုပ်တို့အတွက် ဘဝတစ်ဆစ်ချိုး ဖြစ်သည်နှင့်အညီ အထူးအရေးကြီးလှပါ၏။ ထိုစာမေးပွဲ၌ အောင်မြင်စွာ ဖြေဆိုနိုင်စေရန် ကျွန်ုပ်တို့ ကြိုတင်ပြင်ဆင်ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် စာမေးပွဲနီးလာသည်နှင့်အမျှ အရှိန်အဟုန်ပြင်းစွာ လေ့လာဆည်းပူး လေ့လာရပါသည်။ ထိုသို့လေ့လာရာတွင်လည်း များများလေ့လာနိုင်စေရန် ကိုယ့်နည်းစနစ်နှင့်ကိုယ် လေ့လာကြရပါသည်။ မေးခွန်းဟောင်းများကိုလည်း ကြိုတင်ဖြေဆိုကြရသည်။ တစ်မှတ်တန်၊ နှစ်မှတ်တန်မှအစ အပုဒ်ရှည်များအထိ အဆင့်ဆင့် လေ့လာကြရသည်။ ထို့ပြင် တက္ကသိုလ်ဝင်တန်း တက်ရောက်ရာတွင်လည်း 'အနာခံမှ အသာစံရ' ဆိုသကဲ့သို့ ပင်ပန်းလှပါသည်။ သို့မှသာ နောင်တွင် အသာစံနိုင်ရန်အတွက် ယခုကြိုးစားပြင်ဆင်နေပါသည်။

ကျွန်ုပ်၏ ကျက်မှတ်လေ့လာပုံကို တင်ပြပါမည်။ ကျွန်ုပ်သည် ဆရာသက်လုံ၏ စာအုပ်တစ်အုပ်ထဲ၌ 'စာကျက်ချိန် တစ်နှစ်ဆိုလျှင် ထိုတစ်နှစ်အတွင်း ဘယ်နေ့ ဘာလုပ်ရမည်ကို သေသေချာချာ သတ်မှတ်ပါ' ဟု မှတ်ရဖူးပါသည်။ ထို့ပြင် မိဘ၊ ဆရာသမားတို့၏ တိုက်တွန်းမှုကြောင့်လည်း ကျွန်ုပ် စာကျက်ချိန်ဇယားကို စ၍ဆွဲခဲ့ပါသည်။ ထိုစာကျက်ချိန်အတွင်းကိုလည်း မသွေမတိမ်း လိုက်နာရသည်မှာ မလွယ်ကူလှပါ။ ကိုယ့်စိတ်ကိုယ်ကို ချုပ်ထိန်းရသည်မှာလည်း ခက်လှပါ၏။ သို့ရာတွင် နောက်ဆုံး၌ ကျွန်ုပ်စာလုပ်ချိန်အတိုင်းသာ မမှိန်မသုန်

mgyoe.com

mgyoe.com

လုပ်ခဲ့ပါသည်။ စာမေးပွဲ နီးကပ်လာသောအခါ မေးခွန်းဟောင်းများ ဖြေရသည်က တစ်မျိုး၊ ခမ္ဘမိဋ္ဌာန်များ ဖြေရသည်ကတစ်ဖုံနှင့် အချိန်များမှာ ပို၍ပို၍ နည်းလာပါ၏။ ထို့ကြောင့် ကိုယ်ပိုင်စာကြည့်ချိန်ကို အိပ်ချိန်များမှ ရှာရသည့်ဘဝ ရောက်နေပါသည်။

မည်သို့ဆိုစေ ကျွန်ုပ်၏ပထမဇယား၌ အခက်အခဲမရှိသော မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာတို့ကို အချိန်နည်းနည်းသာ ထည့်ထားခဲ့ပါ၏။ မြန်မာစာဆိုလျှင် စကားပြေ၊ သဒ္ဒါ၊ ကဗျာ စသည်တို့သည် ကျွန်ုပ်၏ ဝါသနာများ ဖြစ်သည့်အလျောက် ကျွန်ုပ်ပျော်ရွှင်စွာ လေ့လာခဲ့သည့် အရာများဖြစ်ရာ ကျွန်ုပ်အတွက် ပြဿနာအကြီးအကျယ်များ မပေါ်လာတတ်ပါ။ အင်္ဂလိပ်စာဆိုပါက ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာများသည် စိတ်ဝင်စားဖွယ် ကောင်းရုံသာမက ဆွဲဆောင်မှုလည်းရှိသောကြောင့် ဖတ်ကောင်းတိုင်း ဖတ်နေသောကြောင့် အလွတ်ရတော့မည်ကဲ့သို့ ရှိနေသည်။ သင်္ချာဘာသာရပ်ဆိုလျှင်လည်း သင်္ချာဘာသာ၏ အမေးများသည် ကိုယ်တိုင်အဖြေထွက်၍ရလျှင် ပျော်ဖို့ကောင်းပါသည်။ ကျွန်ုပ်အစက သင်္ချာကို သိပ်ဘဝင်မကျသော်လည်း ထို့နောက်မှ တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်မိသွားသောကြောင့် တွက်ရသည်မှာ တဖြည်းဖြည်း ပျော်ဖို့ကောင်းလာပါသည်။ ထို့ပြင် ကျွန်ုပ်ကို သင်္ချာသင်ပေးသော ဆရာ၏ အသင်အပြ ကောင်းမှုကြောင့်လည်း ပို၍စိတ်ဝင်စားလာပါ၏။ ထို့ကြောင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာတို့သည် ကျွန်ုပ်အတွက် အခက်အခဲ အထွေအထူး မရှိလှသော ဘာသာများ ဖြစ်ပါသည်။

သို့တစေ ကျွန်ုပ်၌ အခက်အခဲများရှိသော ဘာသာရပ်များ ရှိပါသည်။ ထိုဘာသာရပ်များကို လေ့လာရသည်မှာ အတော်အချိန်ယူရပါသည်။ ထို့ကြောင့် ထိုဘာသာရပ်များကို အခြားဘာသာတို့ထက် အချိန်ပိုပေး၍ လေ့လာရပါသည်။ ရူပဗေဒဘာသာရပ်သည် ကျွန်ုပ်နားမလည်ဆုံးသော ဘာသာရပ် ဖြစ်ပါသည်။ ပုံသေ နည်းများကလည်း ထူပြောလှသည်။ ဂဏန်းများတွက်ချက်ရသည်မှာလည်း ရှုပ်ထွေး လှပါ၏။ ကျွန်ုပ်မှာ သင်္ချာဝါသနာပါသည် မှန်သော်လည်း အတွက်အချက်ကျွမ်းကျင်မှု မရှိသည်ဖြစ်ရာ ထိုဘာသာရပ်၌ အကြီးအကျယ် အခက်တွေ့နေပါ၏။ ဓာတုဗေဒ ဘာသာရပ်သည်လည်း ဓာတ်များပေါင်းခြင်း၊ လျှော့ချခြင်း၊ ညီမျှခြင်း ညှိခြင်းတို့သည် ကျွန်ုပ်အတွက် ခက်ပါ၏။ ထိုသို့ပြုလုပ်ခြင်းများကို အချိန်များစွာ အသုံးပြုရပါသည်။ တဖြည်းဖြည်းနှင့် ကျွမ်းကျင်လာသောအခါမှ မြန်လာပါသည်။ ဇီဝဗေဒဘာသာရပ်တွင်လည်း ပုံဆွဲခြင်းသည် ကျွန်ုပ်အတွက် ပြဿနာတစ်ခု ဖြစ်ခဲ့ပါ ၏။ ကျွန်ုပ်သည် ပုံဆွဲညံ့သူတစ်ဦးဖြစ်ရာ ဇီဝဗေဒ၏ပုံများကို ပီပြင်အောင်

mgyoe.com

ဆွဲသားရန် အဓတော်ကြိုးစားရပါသည်။ ထို့ပြင် ဇီဝဗေဒဘာသာသည် ကျက်စာဖြစ်သောကြောင့်လည်းကောင်း၊ အင်္ဂလိပ်လိုရေးထားသော စာဖြစ်သည့်အတွက်ကြောင့်လားမသိ၊ ထိုဘာသာရပ်ကို ကျက်ပြီးလျှင် မကြာခဏပင် မေ့သွားတတ်ပါသည်။ ထို့ကြောင့် အထူးတလည် တစ်ပတ်တစ်ခါ ပြန်နွှေးပေးရပါသည်။

ထိုကဲ့သို့ စာမေးပွဲအတွက် ပြင်ဆင်နေစဉ် ကျွန်ုပ်၏စိတ်၌ ကျွန်ုပ်လိုချင်သည်ကိုသာရအောင် လုပ်လိုသည့်ဆန္ဒဖြစ်သည်။ ကျွန်ုပ်သည် ဆရာဝန်တစ်ဦးဖြစ်လိုသည်ဖြစ်ရာ ကျွန်ုပ်၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို အမှတ်ကောင်းကောင်းဖြင့် အောင်ရမည်။ ထိုသို့ အောင်မြင်ရန်လည်း သူတစ်ပါးနှင့်မတူ အထူးကြိုးစားရမည်ဟုလည်း သိပါသည်။

ယခုကျွန်ုပ် စာမေးပွဲဖြေနေစဉ် ကျွန်ုပ်စိတ်တွင် စာအားလုံးကို ကြေညက်အောင် ရထားပြီးဖြစ်သောကြောင့် စိတ်အေးအေးထားကာ ဖြေဆိုနေပါသည်။ ထိုသို့သော အတွေ့အကြုံသည် ကျွန်ုပ်ဘဝအတွက် တစ်သက်တစ်ခါ ကြုံရသော အခွင့်ကောင်းဖြစ်ရာ အတတ်နိုင်ဆုံး ကြိုးစားရန် ကျွန်ုပ်၌ တာဝန်ရှိပါသည်။ ။

❖

mgyoe.com

mgyoe.com

# အလှညှောင်းသည့် လတပေါင်း

- လတပေါင်းဟူသည်
- တပေါင်းလ၏ သဘာဝအလှများ
- ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေပုံများ
- ပန်းမျိုးစုံပွင့်ပုံများ
- မိုးကောင်းကင်နှင့် တိမ်မြူတို့အခြေအနေများ
- ပွဲလမ်းသဘင်များ
- စာအဖွဲ့အနွဲ့များ
- မိမိခံစားရချက်များ

mgyoe.com

mgyoe.com

# အလှညှောင်းသည့် လတပေါင်း

မောင်အောင်မြတ်

တပေါင်းလသည် မြန်မာ (၁၂)လ၏ နောက်ဆုံးလဖြစ်ပါ၏။ ။ထို အခါသမယ၌ ရော်ရွက်ဟောင်းတို့ ကြွေလွင့်၍ ရွက်သစ်တို့ ဝေလာကြ၏။ အင်ကြင်း ပန်း၊ သရဖီပန်းတို့၏ မွှေးရနံ့ကလည်း သင်းပျံ့နေ၏။ ဆောင်းတစ်ဝက်၊ နွေတစ်ဝက် ဖြစ်သောကြောင့်လည်း ဆောင်းကြွင်းနွေဦးလဟု ခေါ်သည်။ 'နှိုင်းရာဘက်ရှောင်၊ လများနောင်' ဟု ဆိုရသည်ထက်ပင် လတကာတို့ထက် သာလွန်၏။

ထို 'တပေါင်း'သူသောအမည်သည် ရှေးခေတ်က ထန်းပင်လောကမှ ပေါ် ပေါက်လာသည်ဟု အချို့ကဆိုကြသည်။ ထန်းဖိုပင်မှ ထန်းဦးရည်နှင့် ထန်းမယ်မှ ထန်းရည်တို့ စုပေါင်းကျိုချက်သော လဖြစ်၍ 'ထန်းပေါင်းလ'ဟု ခေါ်ရာမှ 'တပေါင်း လ'ဟု ဖြစ်ပေါ်လာသည်ဟု မှတ်သားဖူးပါသည်။ အချို့ကလည်း ကြယ်နက္ခတ် (၂၇)လုံး တပေါင်းတစည်းတည်း ပေါ်ထွန်းသောလဟု အစွဲပြု၍ 'တပေါင်းလ' ဟု ခေါ်တွင်သည်ဟု ဆိုကြ၏။ ။

တပေါင်းလ၏ သာယာပုံကို ရှင်အုန်းညိုက 'တောင်လည်းသာမော၊ တော လည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရွှင်လျက်'ဟု သဘာဝ အလှကို ပေါ်လွင်အောင် ရေးဖွဲ့ထား၏။ တပေါင်းလ၌ တောင်အထပ်ထပ်တို့သည် ရှုမောဖွယ်၊ ကြည့်ချင်စဖွယ်ကောင်းလှပါသည်။ တောအသွယ်သွယ်တို့သည် လည်း စိမ်းလန်းစိုပြည်၍ မြင်ရသူ ရှုမောလောက်စေပါသည်။ စမ်းချောင်းအတွင်းမှ ရေတို့သည်လည်း အေးမြကြည်လင်နေပါသည်။ မြစ်ချောင်းများ ရေကျကာ

mgyoe.com

mgyoe.com


သဲသောင်ဖြူ လွလွတို့သည် ပေါ်ထွန်းလာရ၏။ ထိုသဲသောင်ဖြူများပေါ်၌ ကျက်စားနေသော ဗျိုင်း ငှက်၊ စွန်ငှက်တို့လည်း ရွှင်မြူးနေကြ၏။

ဤတပေါင်းလခါသည် ဆောင်းအကုန် နွေအကူးဖြစ်သောကြောင့် နွေအရိပ် မကုန်သလို ဆောင်းအရိပ်လည်း သေချစ္စာမကျသေးပါ။ ကောင်းကင်မိုးသားတွင် လည်း 'တပေါင်းလည်ကူး၊ မိုးသားကြူး'ဟု ဆိုသည့်အတိုင်း မိုးတိမ်ကင်းစင်နေပါ သည်။ နံနက်ခင်းနှင့် ညပိုင်းချိန်၌ မြူစက်မြူပြောက်ကလေးများမှာ အစီအရီ ကျဆင်းနေကြသည်။ နေ့ခင်းပိုင်း၌လည်း ပူသာသာရှိသော်လည်း အလွန်မပူလှပါ။ ထို့ကြောင့် တပေါင်းလ၏ ရာသီမှာ သာသာယာယာရှိလှသည်။ ရုံဖန်ရုံခါ မြောက်လေကလေးက ဝေ့ဝဲတိုက်ခိုက်သော အခါ၌လည်း ရော်ရွက်ဟောင်းတို့ မြေခကျရသော အဖြစ်ကိုလည်း တွေ့မြင်နိုင်ပါ၏။

ရော်ရွက်ဟောင်းတို့ မြေခကျပုံကို အင်းဝရဟန်း စာဆိုတော်ရှင် ဥတ္တမကျော် သည် သူ၏တောလားကဗျာကြီး၌ 'လေခမြေသက်၊ ချာဝိဘက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ မြယ်သောပုံကို၊ ရဂုံမြိုင်တွင်း၊ တောလုံး လင်းသား'ဟု ထင်ရှားစွာ ရေးဖွဲ့ခဲ့သည်။ မှန်ပါသည်။ ရော်ရွက်တို့သည် လေအဝှေ့ တွင် ချာခနဲလည်အောင်လည်၍ မြေခကြရသည်။ ထိုလည်သောအခါ၌ ရော်ရွက် ကလေး၏ အရောင်သည် တစ်တောလုံး လင်းသွားအောင်ပင် ဖြစ်စေပါသည်ဟု တင်စားထားပါသည်။ ထို့နောက် ကျသွားသော ရော်ရွက်၏နေရာ၌ အစားနေရာယူ ရန် ရွက်ဖူးကလေးများ ထွက်ပြူလာကြသည်။ ထိုအဖူးကလေးများမှာ ရွှေဥ ကလေးများ စီထားသည့်အတိုင်း အစီအရီထွက်ပေါ်လာကြသည်။ ထို့ကြောင့် တပေါင်းလကို ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသောလဟု ခေါ်ကြသည်။

နွေဦးကာလ တပေါင်းလ၌ ဆောင်းအကြွင်း သဇင်ပန်းနှင့် အင်ကြင်းပန်း တို့ ဖူးပွင့်ကြပုံကို စာဆိုဦးကြင်ဥက 'သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွန့်ငယ် တို့'ဟု ဆိုခဲ့သည်။ ထို့ပြင် ဆက်လက်၍ ပျားပိတုန်းတို့ ဝတ်ရည်စုပ်ယူ သောက်သုံး ပုံကို 'ဘမရာ ရွှေပိတုံးငယ်တို့ ခြွေသုံးကြဝတ်ရည်' ဟု ဖွဲ့ဆိုခဲ့ပါသည်။ တပေါင်းလ ၏ ပွဲတော်ပန်းဖြစ်သော သရဖီပန်းသည်လည်း ပင်တိုင်းကြိုင်လှိုင်၍ မွှေးနေပါ သည်။ မြစ်နဒီတစ်လျှောက်က မယ်ညိုသောင်တင်း၊ ရွှေပိန်ညင်းတို့ကိုလည်း သာယာပျော်ရွှင်စွာ မြင်တွေ့ရပါသည်။ ထို့ပြင် တပေါင်းလဟု ဆိုရာ၌ မပါ မဖြစ်သော ဥသြငယ်ကလေး၏ တွန်ကြူးသံမှာလည်း စိတ်ဘဝင် ချမ်းရွှင်စေပါ သည်။ ထိုအချက်ကို ဦးပုည က –

'နွေချိန်ခါ ငွေမိုလ္လာပြာရီရောပါလို့

mgyoe.com

mgyoe.com

ဥဩဖို့ တွန်သံကြည်တော့
သောတာပန် မဟာထေရ် တို့တောင်
မဆည်နိုင် မျက်ရည်စို့ရှာလိမ့်၊
အဘိညာဉ် ဈာန်ယာဉ်ကြိုးပါလို့၊
နယ်ရှစ်ခွင် ဖြူခြည်ဆိုးတယ်၊ လွမ်းဖို့တပေါင်း' ဟု စာအနွဲ့ဖြင့် ကဗျာဖွဲ့ခဲ့ပါသည်။

တပေါင်းလ၏ ကောင်းကင်တွင် ဥတ္တရဖလဂုနီနက္ခတ်နှင့် လ ငှ်းယှဉ်ကာ ပြုဗ္ဗဘဒြနက္ခတ်နှင့် နေမင်းယှဉ်ကြသည်။ ထို့ကြောင့် ရာသီချိန်ခါ သာယာနေပါသည်။ ငါးနှစ်ကောင်ရေကူးနေပုံမှာ တပေါင်းလ၏ ရာသီရုပ်ဖြစ်သည်။ မည်သို့ဆိုစေ တပေါင်းလ၏ သာယာမှုသည် လတကာတို့၏ နောင်တော်ဟု ခေါ်ရလောက်အောင်သာယာလှသည်။ သာယာသလောက်လည်း ဂုဏ်သတင်းမွေးပျံ့လာသည်။ ကောင်းကင်အခြေအနေ၊ တောတောင်သဘာဝ၊ သားရဲကျေးငှက်၊ ပန်းရနံ့သင်းကြိုင်မှု စသည်တို့သည် သဘာဝအလှသာ ဖြစ်သည်။ ဆက်လက်၍ လူတို့၏ စေတနာအလှကိုလည်း ဖော်ပြပါဦးမည်။

တပေါင်းလ၏ ပွဲတော်ကား သဲပုံစေတီဖြစ်သည်။ သဲပုံစေတီဟူသည်မှာ စဲခုံတောင်ထွတ်မှ တည်ထားသောစေတီ ဖြစ်သည်။ စဲခုံတွင် 'စဲ'သည် ရေနေနည်းပါး ရွှံ့လျားသဖြင့် သောင်၊ သဲ၊ ကျွန်း ထွန်းလုနီးနီး ဖြစ်လာသောအခါ သဲသောင်ပြင်တွင် ကွက်ကွက်ရေးရေးလေး ထင်လာသည်ကို 'စဲ' ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ စဲငူအမြင့်သည် ပလ္လင်ခုံကဲ့သို့ စွန့်စွန့်မားမား ဖြစ်လာသည်။ ၎င်းကို 'စဲခုံ'ဟု ခေါ်ဝေါ် သည်။ ထိုင်စဲခုံနှင့် တစ်စိပ်မျှတူစေပျက် တည်ဆောက်ပြုလုပ်ထားသောစေတီကို သဲပုံစေတီဟူ၍ ကျမ်းစာစောင်များက ဆိုပါသည်ဟု မှတ်သားဖူးပါသည်။ သဲပုံစေတီ ဆိုသည်မှာ ယာယီတည်ထားကိုးကွယ်သော ဘုရားစေတီပင်ဖြစ်သည်။ ထိုသဲပုံစေတီတွင် အာလိန်ငါးဆင့်ရှိသည်ဟုလည်း သိရှိရပါသည်။

သို့သော် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ခိုးကြီးဘုရားများကို အလွယ်တကူ သွားရောက်လာနိုင်သောကြောင့် နှစ်စဉ် ကျွန်ုပ်တို့ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးမှ ဘုရားပွဲအဖြစ် တပေါင်းပွဲကို ကျင်းပ ကြသည်။ အလွန်လည်း စည်းကားလှသော ပွဲဖြစ်သည်။

တပေါင်းပွဲအပြင် ရှေးအခါက ဆွမ်းတော်ကြီးကာင်ပွဲကိုပါ၊ ဆင်နွှဲကျင်းပကြောင်း သိရပါသည်။ ကျွန်ုပ်သိသ၍ တင်ပြပါမည်။ ဆွမ်းတင်ကြီးတင်ပွဲကို စတင်

mgyoe.com

mgyoe.com


ကျင်းပခဲ့သူများမှာ တောင်သူလယ်သမားများပင် ဖြစ်ပါသည်။ တပေါင်းပွဲနှင့်အတူ တန်ခိုးကြီးဘုရားများ၏ ဆွမ်းတော်ကြီးတင်ပွဲပါ တစ်ပါတည်း ကျင်းပလာကြသည်။ တပေါင်းလအချိန်သည် လယ်သမားများသည် ဆန်စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးပြီးစီး၍ ရောင်းချရာမှ ငွေကြေးများ ပိုလျှံလာကြသည်။ ထို့ကြောင့် လယ်သမားတို့၏ မြူးထူးပျော်ရွှင် ကြည်လင်ချမ်းမြေ့ စိတ်သဘောနှင့် တွေ့ရသောရာသီကား တပေါင်းလရာသီပင်ဖြစ်ပါသည်။ ပျော်ပွဲရွှင်ပွဲများကိုလည်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ အလှူမင်္ဂလာပွဲများကိုလည်း ပြုလုပ်ပျော်ရွှင်ကြသည်မှာ စိတ်အားတက်ကြွဖွယ်ကောင်းပါသည်။

အချုပ်အားဖြင့်ဆိုသော် ဤတပေါင်းလအခါ သမယသည် သဘာဝအလှ၊ လုပ်အားအလှတို့ဖြင့် ခြယ်သထားရာ ပန်းချီကားတစ်ချပ်ဖြစ်ပါသည်။ ထိုသို့ သာယာပုံကိုလည်း စာဆိုတို့က မည်သို့ပင် စာပန်းချီခြယ်သော်လည်း ပြည့်စုံမည် မဟုတ်ပါ။ ဤသို့ဖြင့် မိုးနှင့်မြေသား နှစ်ရောင်ကြားဝယ် မားမားမတ်မတ် ရပ်တည်နေသော လူသား၏ 'ဩော်-----တယ်လည်း အလှသောင်းသည့် လ တပေါင်းပါကား' ဟု ရေရွတ်သံသည် ကမ္ဘာတစ်ခွင် ပျံ့နှံ့စေသားဟု ဆုမွန်ကောင်းတောင်း၍ နိဂုံးချုပ်အပ်ပါသည်။

❖

mgyoe.com

mgyoe.com

# လုံ့လ

- လုံ့လဟူသည်
- လုံ့လရှိရန် လိုအပ်ပုံ
- လုံ့လရှိခြင်းအကျိုးပြသာဓကများ
- လုံ့လရှိခြင်း အပြစ်ပြသာဓကများ
- လုံ့လရှိရန် အားထုတ်သင့်ပုံ
- လုံ့လအပေါ် မိမိအမြင်

mgyoe.com

mgyoe.com

# လုံ့လ

မောင်အောင်မြတ်

ဤကမ္ဘာလောက၌ ရှိရှိသမျှ လူအပေါင်းတို့သည် လျော့ကျသက်ဆင်းခြင်းကို မည်သည့်အခါမှ အလိုမရှိကြကုန်။ တိုးတက်ကြီးပွားခြင်းကိုသာလျှင် အလိုရှိကြကုန်၏။ ထိုသို့ အလိုရှိကြသောအတိုင်း တိုးတက်ကြီးပွားခြင်းသို့ ရောက်စေရန် လုံ့လဝီရိယ စွမ်းထက်သန်ခြင်းများကို အမြဲပင် မွေးမြူသင့်ကြပေသည်။

'လုံ့လ' ဟူသော စကားကို မြန်မာအဘိဓာန်က 'ကြိုးစားအားထုတ်ခြင်း၊ ဝီရိယ' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုလုံ့လကို လူတိုင်း စိုက်ထုတ်နိုင်ရုံသာမက စိုက်ထုတ်သမျှအတွက်လည်း အကျိုးများစေသည်။ မည်သည့် အမှုကိစ္စဆောင်ရွက်ရာတွင်ဖြစ်စေ လုံ့လမပါဘဲနှင့် အောင်မြင်မှုကို မရနိုင်ပါ။ ပညာရှာရာတွင်လည်း လုံ့လစိုက်ထုတ်မှသာ ပညာတတ်မြောက်နိုင်ပါသည်။ ဥစ္စာပစ္စည်းရှာဖွေရာတွင်လည်း လုံ့လရှိမှသာ တင့်တင့်တယ်တယ်နှင့် နေထိုင်စားသောက်နိုင်ပေမည်။ တရားရှာရာတွင်လည်း မြတ်စွာဘုရားအား ယုံကြည်စွာ ဆည်းကပ်၍ လုံ့လစိုက်ရန် ကျင့်ကြံမှသာ လိုရာခရီး ရောက်နိုင်ပေမည်။ ထို့ကြောင့် ပထမအရွယ်တွင် ပညာရှာရန်၊ ဒုတိယအရွယ်တွင် ဥစ္စာပစ္စည်းရှာရန်၊ တတိယအရွယ်တွင် တရားရှာရန် အရွယ်သုံးပါးစလုံး လုံ့လစိုက်ထုတ်ရန် လိုအပ်ပေသည်။ လူသားတို့ စတင်မွေးဖွားချိန်မှစ၍ လူသားတို့၏ဘဝကို ကံ၊ ဉာဏ်၊ လုံ့လ၊ ဖွဲ့တို့က ဖန်တီးပေးသည်။ ကံဟူသည်မှာ တန်ပြန်ဖြစ်ပေါ်လာရသည်။ ဉာဏ်သည်လည်း ရှေးဘဝ၏ အထုံပါရမီကြောင့် ဖြစ်ပေါ်လာရသည်။ လုံ့လနှင့် ဖွဲ့မှာမူကား လူသားတို့၏ စွမ်းရည်အလျောက် အသုံးပြု၍ရသော လက်နက်ကောင်းကြီးတစ်လက်

mgyoe.com

mgyoe.com

ဖြစ်ပေသည်။ ထို့ကြောင့် လုံ့လ နှင့်ဖွဲကို မည်သည့်အခါမှ မလျှော့အပ်ပေ။ ထို့ကြောင့်လည်း ဘုရားလောင်း ဇနကမင်းသားက 'ယောကျ်ားတို့လုံ့လ၊ သေခါမှ လျှော့' ဟူသော မှာစကားကို ချန်ထားခဲ့ပေသည်။

လောက၌ အောင်မြင်မှုရရှိနိုင်ရန် ကံ၊ ဉာဏ်တို့က မည်မျှပင် အားပေးထောက်ပံ့နေစေကာမူ 'လုံ့လ'မရှိပါဘဲနှင့် အောင်မြင်မှုအစစ်ကို မရနိုင်ပါ။ ထို့ကြောင့်' လုံ့လဝီရိယသည် အလုပ်ဟူသမျှ၏ ဦးစီးနာယက ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဦးမောင်ကြီးက မိန့်ဆိုခဲ့ပါသည်။

လုံ့လဟူသည် အမှုရောက်မှ စိုက်ထုတ်၍ မရကောင်းသော အရာဖြစ်သည်။ ခုရေတွင်းတူး။ ခုရေကြည်သောက်ချင်၍မရ။ နောင် အောင်မြင်မှု ရေကြည်ကို သောက်နိုင်ရန်အတွက် 'လုံ့လ' ဟူသော ရေတွင်းကို ယခုကပင်တူးလျှင် ပြီးမြောက်အောင်မြင်မှုဆိုသည်မှာ မြေကြီးလက်ခတ်မလွဲဘဲ ဖြစ်ပါသည်။

ပြီးမြောက်အောင်မြင်မှုရရန် လုံ့လစိုက်ထုတ်ရာတွင် စောင်းတီးခြင်းကို ဥပမာယူသင့်ပါသည်။ စောင်းတီးရာတွင် စောင်းကြိုးသည် တင်းလွန်းလျှင်သော်လည်းကောင်း၊ လျော့လွန်းလျှင်သော်လည်းကောင်း သာယာသော အသံမထွက်ဘိသကဲ့သို့ လုံ့လစိုက်ထုတ်ရာတွင်လည်း မတင်းလွန်း၊ မလျော့လွန်းသော လုံ့လသည်သာ ရေရှည်တည်တံ့နိုင်ပါသည်။

လုံ့လစိုက်ထုတ်ခြင်းကြောင့် အကျိုးများပြားရသော သာဓကများစွာ ရှိပါသည်။ ဒီပင်္ကရာဘုရားလက်ထက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဆု ပန်ဆင်ချိန်မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့သည်။ စရိယသုံးသွယ် ကျင့်ခဲ့သည်။ စွန့်ခြင်းကြီးငါးရပ်ကို စွန့်ခဲ့သည်။ ဤသည်တို့ကို မဆုတ်မနစ်သော ဖွဲ၊ လုံ့လဖြင့် အားထုတ်ခဲ့သောကြောင့် ဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားအဖြစ် ရောက်တော်မူခဲ့လေသည်။

ဇာတ်ကြီးဆယ်ဘွဲ့၌လည်း ဘုရားလောင်း ဇနကမင်းသားသည် မိထိလာပြည်သို့ သင်္ဘောဖြင့် ခရီးနှင်လေ၏။ ယူဇနာ ခုနစ်ရာအရောက်တွင် မုန်တိုင်းတိုက်၍ ရေလှိုင်းခတ်သောကြောင့် သင်္ဘောပျဉ်စပ်တို့သည် ပေါက်ကွဲခြင်းအဖြစ်သို့ ရောက်ကြ ကုန်၏။ ထိုအခြင်းအရာကို သိလျှင်လျှင်ချင်း ဇနကမင်းသားသည် လုံ့လစွမ်းဖြင့် မိမိစိတ်ကို ထိန်းချုပ်ကာ ရှေးဦးစွာ သကြားနှင့်ထောပတ်ကို ရော၍ ဝလင်စွာစား၏။ထို့နောက် ပုဆိုးကိုဆီဆွတ်၍ ခိုင်မြဲအောင် ဝတ်၏။ ပြီးနောက် သင်္ဘောလင်းယဉ် တိုင်ကို မှီလျက် ရပ်နေ၏။ အတန်ကြာ၍ သင်္ဘောနစ်သော် လင်းယဉ်တိုင်အထက်သို့ တက်လေ၏။ ထိုအခါ လင်းယဉ်တိုင်ပေါ်မှ မိထ္ထီလာ

mgyoe.com

mgyoe.com


ပြည်ရှိရာသို့ မှန်းဆရာ လုံ့လစိုက်ကာ ခုန်ကူးခဲ့သောကြောင့် ငါး၊ လိပ်၊ မကန်းတို့ နေရာကို ကျော်လွှန်၍ ငါး၊ လိပ်တို့၏အန္တရာယ်မှ လွတ်မြောက်ခဲ့လေ၏။

တစ်ခါသော် လှည်းသမားတစ်ဦး၏ လှည်းသည် နွံ၌နစ်လေရာ ထိုလှည်းသမားသည် လုံ့လ တစ်စုံတစ်ရာ မစိုက်ထုတ်ဘဲ နတ်များကိုသာ တလျက်ရှိနေလေ၏။ ထိုအခါ နတ်တစ်ပါးက ရုပ်လုံးပြလျက် 'လုံ့လမစိုက်ထုတ်ဘဲ အဘယ်ရာကို ရနိုင်မည်နည်း၊ လုံ့လမစိုက်ထုက်သူကို နတ်များမကူညီကြကုန်' ဟု သတိပေးစကား ပြောကြား၍ ပျောက်ကွယ်သွားလေ၏။ လှည်းသမားလည်း အမြင်မှန်ရ၍ 'လုံ့လ' စိုက်ထုတ်ရာ တစ်ခဏအတွင်းပင် နွံမှလှည်းလွတ်လေ၏။ ထို့ကြောင့်လည်း ကဗျာဆရာမ အန္တဲ့(ရွှေဘို)က

"လူသားတို့မာန်၊ လုံ့လသန်၍
ဉာဏ်ရည်ကိုပြု၊ ဖွဲ့ဖြင့်ထုသော်
သူ့ရင်ခွင်မှာ၊ မစွမ်းရာလျှင်
ဘယ်မှာ ရှိအံ့ ပါမည်နည်း" ဟု ကဗျာအဖွဲ့ဖြင့် ဇာချဲ့ပြခဲ့ပေသည်။

တစ်ခါက စပိန်ဘုရင် ဘရုစ်သည် စစ်ရှုံး၍ ဂူတစ်ခု၏ ပုန်းအောင်းနေစဉ် ပင့်ကူတစ်ကောင်သည် ပင့်ကူမျှင်များ အသွယ်သွယ် လိမ်ယှက်၍ ဂူအမိုးသို့ တက်ရန် ကြိုးစားနေလေ၏။ သို့သော် အဖန်ဖန်ကျ၍ နောက်ဆုံး၌ ဂူအမိုးသို့ ရောက်သွားလေသည်။ ဘရုစ်ဘုရင်က ပင့်ကူကို အတုယူကာ လူသူစုဆောင်း၍ ဖွဲ၊ လုံ့လ၊တို့ဖြင့် ထီးနန်းကို ပြန်လည်ရယူနိုင်ခဲ့လေသည်။

တစ်ဖက်၌ကြည့်လျှင်လည်း ရိုက်စပီးယား၊ တော်စတွိုင်း၊ ချားစ်ဒစ်ကင်းတို့၏ လုံ့လစိုက်ထုတ်မှုကြောင့် စာပေအနုပညာ ဝေဖြာခဲ့ရသည်။ အာခိမိဒိစ်၊ နယူတန်၊ အိုင်းစတိုင်း၏ လုံ့လစွမ်းကြောင့် သိပ္ပံမီးရှူးတန်ဆောင်များ အောင်မြင်စွာ ထွန်းညှိနိုင်ခဲ့သည်။ ထို့အတူ ကမ္ဘာတိုင်းတွင် လုံ့လကြောင့် အောင်မြင်ကျော်ကြားသူ များစွာရှိလေသည်။ ထို့ကြောင့် လုံ့လသည် ကမ္ဘာတိုင်းအတွက် အရေးပါသော သော့ချက်တစ်ခု ဖြစ်လေသည်။

လုံ့လဝီရိယကြောင့် အကျိုးတရား ဖြစ်ရပုံများကို တွေ့မြင်နိုင်သော်လည်း၊ လုံ့လမရှိ/နည်း သောကြောင့် အကျိုးနည်းရသော သာဓကများလည်း ရှိပါသည်။

သူငယ်တန်းဖတ်စာမှ ယုန်နှင့်လိပ် အပြေးပြိုင်ပွဲကို ရှုကြည့်ပါလော့။ ယုန်သည် လိပ်ထက် အဆတစ်ရာ ပိုမြန်သော်လည်း လုံ့လမစိုက်ထုတ်ခဲ့သောကြောင့် လိပ်အား ရှုံးခဲ့ရသည်။

ပုရွက်ဆိတ်နှင့် နံကောင်ပုံပြင်တွင်လည်း ပုရွက်ဆိတ်သည် နွေရာသီကပင်

mgyoe.com